# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

သင်တို့သည် ငါ့ကို အမှီပြု၍ ငြိမ်သက်ခြင်း ရှိစေခြင်းငှာ ဤစကားကို ငါဟောပြောပြီ။ ယောဟန် ၁၆း၃၃

အမှတ်စဉ် (၆၄) ဒီဇင်ဘာလ ၂၀၀၆ ခုနှစ် စနေ့ဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )

## အဝေးကွင်း

မှန်လုံခန်းထဲက အချစ်တု တွေဆီလဲ ငါ မသွားချင်ဘူး
ကိုကာကိုလာ အချိုရည်နဲ့ မျှားရတဲ့ ငါး လဲ ငါ မမျှားချင်ဘူး
အော့ချပ် လမ်းပေါ်က လျှော့ဈေးနဲ့ ရောင်းနေတဲ့ ဖား လဲ ငါ မရိုက်ချင်ဘူး
ဖား ရိုက် ၊ ငါး ကွဲပြီး တအားသည်းတဲ့
မိုးခါးတွေ ကြားထဲမှာ ရိုးသားနေသလိုလို ...
တဒင်္ဂ ဆန္ဒ လိုအပ်ချက်ကလေးအတွက် ကျုပ် စိတ်ရိုင်းတွေ ဝင်တိုင်း
ဇနီး နဲ့ သမီး ဓါတ်ပုံကို အနမ်းတွေ ဆင့်ပြီး ၊ ခေတ္တ စင်ကာပူ အဝေးကွင်းမှာ
အသပြာ ဒေါ်လာနဲ့ လူကျုံဘော မဖြစ်အောင် ကစားနေရတယ် ။

**သက်ထံချို** ( ၇–၁၁–၂၀၀၆ ၊ နံနက် ၂း၃၅ နာရီ )

ငါး – အရာအားလုံးကို ခေတ္တ မေ့ပျောက်စေသော အရည်တစ်မျိုး
ဖား – ဖိလစ်ပိုင် နိုင်ငံသူ
(ဝန်ခံချက် – စင်ကာပူ အဝေးကွင်း ကစားနေရတဲ့ ဘဝတူ သူငယ်ချင်းများသို့ ... )

---

## * မန္န * ( နေကြိုးနှင်း )

**တရားဟောရာကျမ်း – ၈း၃ ထိုသို့ သင့်ကို နှိမ့်ချ၍ အငတ်အမွတ် ခံစေတော်မူသောအခါ သင်သည် ကိုယ်တိုင် မသိ၊ သင်၏ဘိုးဘေး မသိဘူးသော မန္နနှင့် ကျွေးမွေး တော်မူသဖြင့် လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရသည် မဟုတ်၊ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။**

ဘုရားသခင်ဟာ ဣသရေလ လူမျိုးတွေကို နို့နှင့် ပျားရည်စီးသော နိုင်ငံကို ဝင်စားနိုင်ဖို့အတွက် တောလမ်းခရီးနဲ့ ပို့ဆောင်ခဲ့တယ်။ ဣသရေလ လူမျိုးတွေဟာ တောထဲမှာ လယ် ဥယျာဉ် ခြံမြေ ထွန်ယက် စိုက်ပျိုးစရာ မလိုဘဲ၊ အနှစ်လေးဆယ်ပါတ်လုံး ဘုရားသခင် ကျွေးတဲ့ မန္နမုန့်ကို စားပြီး ကျော်ဖြတ် လာခဲ့ကြတယ်။ သူတို့တွေဟာ ဆင်းရဲဒုက္ခပေါင်းစုံနဲ့ ရင်ဆိုင် ကြုံတွေ့ ခဲ့ကြရတယ်။ ရန်သူအမျိုးမျိုးရဲ့ လက်ထဲကနေ ဘုရားသခင်က ကယ်တင် ခဲ့တယ်။ ခါးတဲ့ရေကို ချိုစေပြီး စားစရာအတွက် မန္နမုန့်နဲ့ ငုံးတွေကို ချပေးခဲ့တယ်။ ရေမရှိတဲ့ အရပ်မှာလဲ ကျောက်ထဲက ရေကို ထွက်စေခဲ့တယ်။ ဘုရားသခင်ဟာ သူတို့ကို အစစအရာရာ တာဝန်ယူခဲ့တယ်။ ညအခါ မီးတိမ်တိုင် အားဖြင့် နေ့အခါ မိုးတိမ်တိုင်အားဖြင့် အလင်းရောင်နဲ့ အရိပ်အာဝါသကိုပေးခဲ့တယ်။ ဆင်းရဲဒုက္ခ ပေါင်းစုံကနေ ကယ်တင်ခဲ့တယ်။

ကျွန်မ အနည်းငယ် သက်သေခံချင်ပါတယ်။ ကျွန်မ အခု မန္နမုန့် စားနေရပါတယ်။ နောက်ပြီး ခါးသီးစွာ သောက်သုံးရတဲ့ ရေကိုလဲ ဘုရားသခင်ဟာ ကျွန်မအတွက် ချိုစေခဲ့ပါတယ်။ ဒီစင်ကာပူ ဆိုတဲ့ ကျွန်းပေါ်ကို ရောက်တဲ့နေ့က စပြီး ဘုရားသခင်ဟာ ကျွန်မကို အစစအရာရာ တာဝန်ယူ ဖြေရှင်းပေးခဲ့တယ်။ တင်းထားစရာ စိတ်ဓါတ်အင်အား မရှိ၊ ရုန်းကန် တိုက်ခိုက်စရာ လူအင်အား မရှိ။ အားကိုးစရာ မိဘမရှိ၊ အကူအညီ တောင်းစရာ အသိအကျွမ်း မရှိ၊ ကူညီချင်တဲ့ ခရစ်ယာန် ညီအစ်ကိုမောင်နှမတွေလဲ အားပေး စကားပြောရုံကလွဲလို့ ကိုယ်ထိလက်ရောက် ဘာမှ မကူညီနိုင်ခဲ့ဘူး။ ဒါပေမဲ့ ကျွန်မဟာ အခက်အခဲတွေကြားထဲကနေ အောင်မြင်မှုတွေရနေတယ်။ ဒါဟာ ဘုရားသခင်ရဲ့ အစွမ်း၊ ဘုရားသခင်ရဲ့ တန်ခိုး၊ ဘုရားသခင်ရဲ့ ပြင်ဆင်ပေးမှု သက်သက်ဘဲ။ အခု ကျွန်မ အောင်မြင်နေသလားဆိုတော့၊ မအောင်မြင် သေးဘူး။ ရှုံးနိမ့်နေသလား ဆိုတော့လဲ မရှုံးဘူး။

ကျွန်မတို့ဟာ ဘယ်အရာကိုမှ ကိုယ့်အင်အားနဲ့ မရပ်တည်နိုင်ဘူး။ အသက်မရှင်နိုင်ဘူး ဆိုတာ တရားဟောရာကျမ်း ၈း၃ အားဖြင့် အတိအကျ သိနေရပါတယ်။ ဘုရားသခင်ဟာ ဣသရေလ လူမျိုးတွေကို မောရှေ အားဖြင့် ဆက်သွယ်စကားပြောခဲ့တယ်။ အခုတော့ ကျွန်မတို့ ယုံကြည်သူတွေဟာ ယေရှုခရစ်တော် အားဖြင့် ဘုရားသခင်ကို တိုက်ရိုက်ဆက်သွယ် စကားပြောလို့ ရပြီဖြစ်တဲ့အတွက် ဘယ်အမှုအခင်းဘဲ ဖြစ်ဖြစ် ဘုရားသခင်ကို ခေါ်လို့ရပါပြီ။



ဣသရေလ လူမျိုး အသက်ကြီးသူတွေဟာ ဘုရားသခင် ပြခဲ့တဲ့ နိမိတ် လက္ခဏာတွေကို မြင်တွေ့နေရဲ့သားနဲ့ ဘုရားသခင်ကို အမြဲအပြစ်တင် ခဲ့လို့ သူတို့တွေဟာ နို့နှင့်ပျားရည်စီးတဲ့ ခါနန်ပြည်ကို ဝင်စားခွင့်မရဘဲ တော ထဲမှာဘဲ အသက်ဆုံးခဲ့ကြရတယ်။ သူတို့ သားသမီးတွေဘဲ ဝင်စားခွင့် ရခဲ့တယ်။ ကျွန်မတို့ ခရစ်ယာန်မောင်နှမများဟာလဲ လူဖြစ်လာကတည်းက ဘုရား ပေးတဲ့ မန္နမုန့်ကို စားနေကြ ရတာပါ။ ဒါ့ကြောင့် အခက်အခဲပြဿနာနဲ့ ရင်ဆိုင်ရတဲ့အခါ ဘုရားသခင် ကျွန်မတို့အတွက် ပြုပြီးခဲ့တဲ့ နိမိတ် လက္ခဏာကျေးဇူးတော်တွေကို ပြန်လည်ရေတွက်ပြီး ဘဝရဲ့ ခရီးကို ဘုရား သခင်နဲ့ အတူ လျှောက်လှမ်းရင်း ဘုရားသခင်ပြင်ဆင်ပေးမဲ့ ကောင်းကင်သစ် နဲ့ မြေကြီးသစ်ဆီကို ဝင်စားနိုင်ကြဖို့ အနည်းငယ်တိုက်တွန်း သက်သေခံလိုက် ပါတယ်။

**မဿဲ ၂၄း၁၃ – အကြင်သူသည် အဆုံးတိုင်အောင် တည်ကြည်၏ ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။**

**ဗျာဒိတ် ၂း၁၀ – သေသည် တိုင်အောင် သစ္စာစောင့်လော့၊ သို့ဖြစ်လျှင် အသက် သရဖူကို ငါပေးမည်။**

ခရစ်တော်ရဲ့ နာမတော်မြတ်၌ – ( **နေကြိုးနှင်း** )

ooooooooooooooooooooooooooooooooooooooooooooo

## ပျောက်သောလမ်း



* ကိုယ်တော် – ဝေဝါးလေးတွဲ့စွာနဲ့ ၊ နှင်ဆဲ ခရီး ။
ကျွန်ုပ်ဟာ လမ်းမပေါ်က လမ်းပျောက်နေတဲ့ လူသားပါ။
အိုမင်းဟောင်းနွမ်းပေမဲ့ ကိုယ်တော်ခရီး ကိုယ်တော်လမ်းမှာတော့၊
ခြေတော်ရာဟာ ခရီးဆုံးတိုင် ကျန်ရှိနေမြဲဘဲလေ။
* ကိုယ်တော် – ကတိတွေ ထပ်ခါပေးလို့
နှလုံးအလို ကျွန်ုပ်ဟာဇာတိသဘော၊ ကိုယ်နဲ့ဆိုင်သူတွေကို မုန်းတီးနေဆဲပါ။
နှစ်တွေ ပြောင်းလို့ လတွေ ကြာညောင်းပေမဲ့ ၊
ကိုယ်တော်နှလုံး ကိုယ်တော်မေတ္တာ၊
တိုင်ပေါ်သွန်းခဲ့ အသွေးကတော့၊ နွေးထွေးနေမြဲဘဲလေ။
* ကိုယ်တော် ဥပုသ်နေ့တိုင်း ဗိမ္မာန်တော် ရောက်ရှိခဲ့ပေ့ါ။
လူနဲ့ သူနဲ့ ရက်ရောစွာ ပြုံးပြပေမဲ့၊ မေတ္တာမပါ၊ သဒ္ဒါ မတင်ခဲ့။
ကျွန်ုပ်ကျင့်ကြံမိလေတော့ အသင်းတော်ထဲ
မျက်မှောက်တော်ရှေ့ ကျွန်ုပ် ပျောက်သော သားပါ။
* ကိုယ်တော် – သမ္မာတရား ခရီးတော်၌ ကျွန်ုပ် လမ်းမပျောက်ချင်တော့ပါ။
ရန်သူကိုတောင် ချစ်ရအောင် စိတ်နှလုံးကို မှန်ကန်အောင်လို့ စစ်ဆေးတော်မူပါ။
* မင်စာ ကျောက်စာ လောက လူမဟုတ် ကမ္ဘည်း ထိုးကာထား နှလုံး ဗဟို ၊
ခရစ်တော်ရဲ့ စာဟာ ကျွန်ုပ်သည်ဘဲ မှတ်ကျောက်တင်တဲ့ ငယ်သား ကျွန်ုပ် ဖြစ်ရလိုသည်။ ကိုယ်တော်တရားလမ်း၌ သွေးဆောင်ပါ။
ခရစ်တော်၏နာမမြတ်၌ ... အာမင် ။ ။ **( HANIEL )**

ooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## သင်သည်ယုံကြည်သောသူဖြစ်လျှင် (SAMUEL SOE LWIN)

**ယေရှုကလဲ သင်သည် ယုံကြည်နိုင်သလော၊ ယုံကြည်သောသူ ဖြစ်လျှင် ခပ်သိမ်းသော အမှုတို့ကို တတ်နိုင်သည်ဟု မိန့်တော်မူ၏။ မာ – ၉း၂၃**

ခရစ်တော်ဘုရား လောကတွင် သက်တော်ထင်ရှား ကျင်လည်တော်မူစဉ် ဖခင်တစ်ဦးသည် သူ၏သားမှာ နတ်ဆိုးစွဲ၍ စကားမပြောနိုင်၊ တပည့်တော်တို့အား အကူအညီ တောင်းသော်လည်း ဘာမှ မထိရောက်သည့်အဆုံး ခရစ်တော်ထံသို့ ချဉ်းကပ်ပါမှ ချမ်းသာခွင့်ကို ရရှိလေ၏။ ထို

အခြေ အနေတွင် ခရစ်တော်ဘုရားက အထက်ပါ စကားအား မိန့်ဆိုတော်မူခဲ့ခြင်းဖြစ်သည်။

ခရစ်ယာန် အသက်တာတွင် ယုံကြည်ခြင်းအကြောင်းနှင့် စပ်ဆိုင်လျှင် အာဗြံဟံသည် မပါမပြီးသည့် စံပြ ဖခင်တစ်ဦးဖြစ်သည်။ ထို့ကြောင့်လည်း စာရေးသူ ဆင်ခြင်မိသည့် အချို့ကို အတူမျှဝေခံစားစေချင်ပါသည်။ ယုံကြည်ခြင်းရဲ့ အဓိပ္ပါယ်ဟာ ဘာလဲ ဆိုတာ ဟေဗြဲ ၁၁း၁ တွင် ဖော်ပြထားပါသည်။

**ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်ခွဲလန်းခြင်း အကြောင်းဖြစ်၏။ ဟေဗြဲ ၁၁း၁**

## ၁) ဘုရားရှင် အာဗြံဟံ အား ခေါ်ခြင်း။ (ဟေဗြဲ ၁၁း၈ ၊ က ၁၂ )

ဂျူး ထုံးတမ်းစဉ်လာအရ အာဗြံဟံသည် အသက်ရှင်သော ဘုရားကို ကိုးကွယ်သူ မဟုတ်ခဲ့ပါသော်ငြားလည်း တစ်ဆူတည်းသော ဘုရားကိုတော့ ဆာလောင် တောင့်တနေခဲ့သူဖြစ်သည်။ ထိုအချိန်တွင် လူတို့၏ စိတ်နှလုံးကို အသေးစိတ်သိမှတ်နေသော ဘုရားရှင်က (ဆာ ၁၀၇း၉) သူ၏ ဆန္ဒကို ဖြည့်ဆည်းရန် ခေါ်သောအခါ အာဗြံဟံသည် တခန မဆိုင်း ဖြေကြားလျှောက်တော်မူ၍ သူ၏ ဘဝတစ်ခုလုံးအား ဆက်ကပ်ကာ ကိုးကွယ်ခဲ့လေသည်။

ဘိုးဘေးဘီဘင် လက်ထက်မှစ၍ မကြားသိခဲ့ဖူးသော မတူထူးခြားသည့် ထာဝရ ဘုရားအား အာဗြံဟံ ယုံကြည်လက်ခံ လာသောအခါတွင် ရရှိလာသည့် ပြဿနာကို စဉ်းစားကြည့်ပါက သေးသေးမွှားမွှား မဟုတ်လှပါလေ။ အများထက် ထူးလျှင် အရူးဟု သတ်မှတ်ကြသော အခါသမယတွင် ထိုအခြေအနေကို အာဗြံဟံ ကြုံဆုံရသော်လည်း စစ်မှန်သော ယုံကြည်ခြင်းဖြင့် အများကြားတွင် တစ်ယောက်တည်း ဖြစ်နေရသော်လည်း ဘုရားအတွက် အရာရာကို မရှက်မကြောက် ရပ်တည်ခဲ့ပါသည်။

## ၂) ဘုရားပေးသည့် ကောင်းကြီး ကတိများ ။ ဟေဗြဲ ၁၁း၈-၁၆

အာဗြံဟံသည် ယုံကြည်ခြင်းရှိသည့် အားလျော်စွာ ဘုရားရှင်သည် ကတိတော်များကို ပေးတော်မူလေသည်။ ၄င်းတို့မှာ –

က။ လူမျိုးကြီး ဖြစ်စေမည်။ ဟေဗြဲ ၁၁း၁၂ ၊ က ၁၂း၂

ခ။ ကောင်းကြီး ခံစားသူ ဖြစ်ရမည်။ က ၁၂း၂

ဂ။ သူ့အားဖြင့် လူမျိုးတကာ ကောင်းကြီးခံစားရမည်။ က ၁၂း၃

ဃ။ သူ၏ ဘဝအား လုံခြုံမှု ရှိစေမည်။ က ၁၂း၃ ၊ က ၁၅း၁

င။ သူ၏ ရန်သူသည်ကား အမင်္ဂလာ သာ ရ၍ – ။ က ၁၂း၃

စ။ သူ၏ မိတ်ဆွေကား မင်္ဂလာရှိသူ ဖြစ်စေရမည်။ က ၁၂း၃



အသက်ရှင်သော ဘုရားအား ယုံကြည်ကိုးကွယ်လိုသူ အာဗြံဟံ မှာ အခုတော့ ထိုဘုရားအား ဖူးတွေ့ ကိုးကွယ်ခွင့် ရခဲ့ပါပြီ။ ထိုမျှမက ကောင်းကြီး မင်္ဂလာ မြောက်များစွာကိုလဲ ပေးတော်မူမည်ဟု ထိုဘုရားက မိန့်ဆိုသောအခါ အာဗြံဟံ မည်မျှပျော်ရွှင်မည်နည်း။ သကာမှာပျားရည် ထပ်ပေါင်း လိုက်သည့်အလား ကြည်နူးစရာပါ။ ထိုသို့ အာဗြံဟံ ယုံကြည် လိုက်သော်လည်း ပြဿနာကား ရှိခဲ့ပါသည်။ ကတိတော်သည် လက်တွေ့ အသက်တာတွင် မပိုင်ဆိုင်ရသေးပါ။ အာဗြံဟံ လက်ရှိကြုံတွေ့နေရသော ပြဿနာများမှာ –

က။ သားသမီး ရတနာ မထွန်းကားခဲ့ပါ။ ( ဝါ ) အမြုံဖြစ်သည်။ က ၁၅း၃

ခ။ ဆွေမျိုးညာတိ ပေါက်ဖော် မိတ်ဆွေတို့ကို ၄င်း

ဂ။ မွေးရပ်မြေ ဇာတိဒေသ တို့ကို ၄င်း

ဃ။ စည်းစိမ်ဘဏ္ဍာများကို၄င်း စွန့်လွှတ်ရရုံမက ( က ၁၂း၁–၆ )

င။ ကိုယ့်ရွာတွင် ကြက်ဖ၊ သူများရွာတွင် ကြက်မ ဆိုသော အနေအထားနှင့် ရင်ဆိုင် ရသည်။

စ။ အနာဂါတ်ကို သူမပိုင်

ဆ။ ယုံကြည်မျှော်လင့်ခြင်းဖြင့်သာ အသက်ရှင်၍ ခရီးဆက်ရလေသည်။ (ဟေဗြဲ ၁၁း၈–၉)

လောကီ အမြင်အရ ပြဿနာအားလုံး ရေးပြရပါက လက်ရှိကိုသာ အားထားသော လူသားတို့အဖို့ အနာဂါတ်အတွက်သာ ဖြစ်နေသေးသော ကတိတော်ကို သာမာန်လူတို့ ယုံကြည်အားကိုး ပုံအပ်ရန်မှာ မလွယ်ကူရေးချ မလွယ်ကူချေ။ သို့သော် အာဗြံဟံ ကား ယုံကြည်ခြင်းဖြင့် ဘုရားရှင်အား၄င်း၊ သူ၏ ကတိတော်များအား၄င်း ပိုင်နိုင်စွာ ကိုင်စွဲ၍ ဘဝကို အောင်ပွဲ ဆင်ခဲ့ပါသည်။ ဟေဗြဲ ၁၁း၁–၁၃

## ၃) ကတိတော်တို့ပြည့်စုံလာခြင်း။

အာဗြံဟံ၏ ဘဝအသက်တာတွင် သွေးသား အရွယ်လွန်လာရုံမက အမြုံပင် ဖြစ်နေလင့်ကစား ဘုရားရှင်၏ ကတိတော်အတိုင်း ယုံကြည်မျှော်လင့်ခဲ့သည်မှာ နှစ်ပေါင်း ၂၅နှစ် ပြည့်ခဲ့လေသည်။ ဘုရားရှင်သည် အာဗြံဟံ အသက် ၇၅နှစ် အရွယ်တွင် ကတိပေးခဲ့သော်လည်း အသက် ၁၀၀ ပြည့်သည့်တိုင် ကတိတော် မပြည့်စုံခဲ့ပေ။ က ၂၁း၅၊ ဤမျှကြာလာသောအခါ အာဗြံဟံသည် ဘုရားရှင်၏ မစခြင်းကြောင့် သားဦးရတနာ ဣဇက်ကို မြင်သောအခါ ဘုရားရှင်ပေးခဲ့သော ကတိတော် အားလုံးတို့သည်လည်း အသက်ဝင်လာ၍ သူ၏ ဘဝ၌ မျှော်လင့်ချက်တွေ တသီတတန်းကြီး ရှိနေမည်မှာ သေချာပါသည်။ သားအား အရိပ်တကြည့်ကြည့်ဖြင့် ကျွေးမွေးလာရင်း သားဣဇက်သည် သူ၏ ဘဝအတွက် ရွှေငွေ ဆိုလည်း မမှား၊ နေ၊ လ ဆိုလဲ မှန်ပေလိမ့်မည်။ ဘုရားရှင်ပြောသည့် လူမျိုးကြီးဖြစ်ရန်မှာ မျိုးဆွေ တည်တံ့ပါမှ ဖြစ်နိုင်မည် မဟုတ်ပါလား။ သားသမီး မြောက်များစွာရှိသူတို့ပင် မိမိ ရင်သွေးများအား ချစ်၍ မဝကြပါက အာဗြံဟံ အဖို့ အဖေတစ်ခု သားတစ်ခုမို့ အဘယ်မျှ ချစ်၍ အားကိုးအားထားပြုမည်နည်း။ သူ၏ ကျွန်မမှ မွေးသော ဣရှမေလနှင့် စကားများကာမျှနှင့် သူတို့ ဇနီးမောင်နှံနှစ်ဦးမှာ သောကရတက် ပွား၍ အဆုံး၌ ဘုရားရှင် ကိုယ်တော်တိုင်ပင် နည်းလမ်းကိုပေး၍ ဖြေရှင်း ခဲ့ရသည် မဟုတ်ပါလား။ ( က ၂၁း၉–၁၃)

စာရေးသူ၏ မိခင်သည် တခါတရံ စာရေးသူ၏ ဖခင်အား ဆူပူသည်ဟု အိမ်မှ စာရတိုင်း ဖတ်ရသည်။ အကြောင်းမှာ စာရေးသူထံ စာရေးရန် ပြောတိုင်း ဖခင်ဖြစ်သူမှ မစိုးရိမ်ရန် ပြောသောကြောင့်ပင်။ စာရေးသူသည် သားဦးဖြစ်သော်လည်း မွေးချင်း၇ယောက် ရှိပါသည်။ မိဘမေတ္တာသည်ကား အဘယ်မျှလောက် နက်နဲလှပါသနည်း။ အာဗြံဟံ၏ အသက်တာတွင်ကား သားဣဇက်အား အဘယ်မျှလောက် ကရုစိုက်မည်ကို စာရေးသူ ခန့်မှန်း၍ပင် မတတ်နိုင်ပါ။

## ၄) ယုံကြည်ခြင်းကိုစစ်ဆေးခြင်း။

အာဗြံဟံ သင် အလွန်ချစ်သော တစ်ယောက်တည်း သောသား ဣဇက်ကို ယူ၍၊ ငါ ပြလတ္တံ့သော တောင်ပေါ်မှာ သူ့ကို မီးရှို့ရာ ယဇ်ပြု၍ ပူဇော်လော့ဟု မိန့်တော်မူ၏။ က ၂၂း၁–၁၀။ ဟေဗြဲ ၁၁း၁၇–၁၈။

ဘုရားရှင်နှင့် အာဗြံဟံ အကြားတွင် ထားရှိသော ကတိတော် အားလုံးတို့ ပြည့်စုံ ပေါင်းစည်း စေမည့်သူမှာ ဣဇက် တစ်ဦးတည်းသာ ဖြစ်သည်။ ဒါကို အာဗြံဟံနှင့် အားလုံးအသိ၊ ဘုရားရှင်လဲ အသိပင်ဖြစ်သည်။ သို့သော် ထိုသားငယ် အရွယ်ရလာ၍ ကတိတော် ပြည့်စုံမည့် ရောင်ခြည် သန်း လာချိန်တွင် ဘုရားရှင်က အာဗြံဟံအား ဣဇက်ကို ယဇ်ပူဇော်ရန် တောင်းဆို နေလေပြီ။ အာဗြံဟံသည် ဘုရားပေးသည့် ကတိတော်များ ပြည့်စုံ စေရန် ဘုရားရှင်၌သာ ယုံကြည်စိတ်ချထားပါသောကြောင့် စိတ်ဓါတ် ကျ နှောင့်နှေးခြင်းမရှိ၊ ယုံကြည်စက ကဲ့သို့ပင် နာခံ၍ လက်တွေ့ လုပ်ဆောင် ရန် အသင့်ရှိခဲ့ပါသည်။ အကယ်၍ သူ၏ အနာဂါတ်အတွက် ကတိ အားလုံး ပြည့်စုံရန် သား ဣဇက် အပေါ်မှာထားရှိခဲ့ပါက သူ၏ ဘဝသည် သဲထဲ ရေသွန်သည့်အလား၊ အနှုတ်လက္ခဏာတို့နှင့်သာ ကြုံရပေလိမ့်မည်။

ဟေဗြဲ ၁၁း၁၉ တွင် ယဇ် ပူဇော်ခြင်း အဆုံး၌ ဣဇက်အား ဘုရားရှင်က သေခြင်းမှ ထမြောက်စေမည်ကို အာဗြံဟံ ယုံကြည်ကြောင်း ဖော်ပြထားလေသည်။ အာဗြံဟံသည် ထိုကဲ့သို့ ယုံကြည်ခဲ့သော်လည်း ယခု မျက်မှောက် ခေတ်က ကျွန်ုပ်တို့ ခရစ်ယာန်များလို ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုးကို မသိ မမြင် ဘူးခဲ့ပါချေ။ သို့သော် သူကိုးကွယ်သော ဘုရားသည် အသက်ရှင်သော ဘုရား ဖြစ်သည်ကို သိသောကြောင့် သူ၏ ယုံကြည်ခြင်းသည် မမှားခဲ့ပါ။ ထို ယုံကြည်ခြင်းကြောင့်ပင် အာဗြံဟံ အရာရာကို ရင်ဆိုင်ခဲ့ပါသည်။ အောင်မြင် စွာ ဘုရားရှင်အတွက် အသက်ရှင်ခဲ့လေသည်။

## ၅) ကတိတော်များသည်ပြည့်လျှံလေပြီ။

ဘုရားသခင်သည် အာဗြံဟံ၏ ယုံကြည်ခြင်း နာခံခြင်းများကို မြင်တော်မူသောအခါ – **အာဗြံဟံ ထိုလုလင်(ဣဇက်) ကို မထိမခိုက်နှင့်၊ အလျှင်း မပြုနှင့်။ အကြောင်းမူကား သင်၏သား၊ သင်၌ တစ်ယောက်တည်းသော သားကို ငါ၌**

ဆောင်း၍ သင်သည် ငါ့ကိုမငြင်းဟု မိန့်တော်မူ၏၊၊ က ၂၂း၁၂ ထိုမျှမက အာဗြံဟံ၏ ယုံကြည်ချက်တို့နှင့် အညီ ဘုရားရှင်အား ယဇ်ပူဇော်လိုသော ဆန္ဒ ကိုလဲ ပြည့်စုံစေရန် ထာဝရဘုရားရှင် သည် ယဇ်ကောင်ကိုလဲ ပြင်ဆင် ပေးတော်မူလေသည်။ ( က၂၂း၅၊ ၁၃–၁၄) ၎င်းကို အကြောင်းပြု၍ ဘုရားရှင်သည် ထောက်ပံ့ကူမသော ဘုရားဖြစ်၏။ "ယေဟောဝါယိရေ" ဟူ၍ ကျွန်ုပ်တို့သိရလေ၏။ ဘုရားရှင် ပေးတော်မူသော ကတိတော်အားလုံး တို့သည် အာဗြံဟံ၏ အသက်တာ၌ ပြည့်စုံလာရာမှ ယနေ့ ကျွန်ုပ်တို့ထံ ရောက်သည်အထိ ကာယ ဝိညာဉ် ကောင်းကြီးမင်္ဂလာတို့သည် စီးဆင်းနေမြဲ စီးဆင်းနေဆဲပင်။ အာဗြံဟံ၏ အသက်တာတွင် ဘုရားရှင်အနေဖြင့် အခြားသော ထူးခြားချက်များကို အများကြီး မရှာဖွေခဲ့ပါ။ မတွေ့ရှိခဲ့ပါ။ သို့သော် ဘုရားရှင် လိုချင်သည့် အရာတစ်ခုကို တွေ့ရှိခဲ့ရပါသည်။ ထိုအရာမှာ ယုံကြည်ခြင်းပင်ဖြစ်သည်။ က ၁၅း၆။

ယနေ့ သင်နှင့် ကျွန်ုပ်တို့ အသက်တာအား ဘုရားရှင်သည် အမှောင်တွင်းမှ ခေါ်ခဲ့လေပြီ။ တဖန် ကတိတော် မြောက်များစွာကိုပေး၍ အာဗြံဟံ ကဲ့သို့ အခြားတပါး အမှောင်နေ လူသားထုကို ကျွန်ုပ်တို့အားဖြင့် ကောင်းကြီးမင်္ဂလာ ပေးစေလိုသည်။ ၁ပေ ၂း၉ ။ တစ်ခါတစ်ရံ အာဗြံဟံ ကဲ့သို့ ကျွန်ုပ်တို့ ဘုရားသခင် နိုင်ငံတော်အတွက် ပြုရန်စီစဉ်ထားမှု ပန်းတိုင် အသီးသီးတို့သည် နိဂုံးချုပ်ရတော့မည့် အလားအလာ ရှိမနေနိုင်ပါ။ သို့သော် ပညာရေး၊ ခနရေး စသည်တို့ဖြင့် ကျွန်ုပ်တို့နှင့် ဘုရားအကြား ထားရှိသည့် ကတိတော် ( အမှုတော်) တို့ကို မဖြည့်စွမ်းနိုင်ပါ။ ပြည့်စုံစေသောသူကား ဘုရားရှင် ကိုယ်တော်တိုင်ပင် ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ဘုရားရှင် အပေါ်၌သာ လုံးလုံးရှိနေကြပါစို့။

ထိုအခါ၌သာလျှင် ဘုရားရှင် ပေးအပ်သည့် ဝန်တာအားလုံးတို့ကို ကျွန်ုပ်တို့ ပြီးစွမ်းနိုင်မည်ပင်။ ကျွန်ုပ်တို့ကို ခေါ်တော်မူသောသူသည် သစ္စာနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ထိုသို့ ပြုတော်မူလိမ့်မည်။ ( ၁သက် ၅း၂၄)

နာမတော်မြတ်၌ – **SAMUEL SOE LWIN**

ooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## အနှိုင်းမဲ့အချစ် ( ကျုံ့တာမယ် )

"ပါးပါးကြီးရေ သမီးကို လာကြိုပါအုံး။ ပါးပါးကြီးရေ သမီးကို လာခေါ်ပါ အုံး"

ငယ်ငယ်တုံးက အသံကို အခုထိ ပြန်ကြားယောင် နေမိတယ်။ ဖေဖေမေမေ ဆူလို့ရှိရင် ပါးပါးကြီးကို အမြဲအော်ခေါ် မိတယ်။ ပြီးတော့ ပါးပါးကြီးနဲ့ ညတိုင်း အိပ်ရတယ်။ ပါးပါးကြီးရဲ့ အိပ်ယာပေါ်မှာ ညတိုင်းလဲ ရှူးရှူးတွေ ပေါက်ချတယ်။ ဒါပေမဲ့ ပါးပါး ကြီး မဆူပါဘူး။ တစ်ခါမှလဲ မရိုက်ဖူးဘူး။ သူ့ရဲ့စောင်နဲ့ ခြင်ထောင် တွေကို မနက်တိုင်းလျှော်ပြီး နေပူနဲ့ လှမ်းရတယ်။ မောင်နှမတွေ အားလုံးထဲမှာ ကျွန်မကိုမှ ပိုလို့ချစ်တဲ့ ပါးပါးကြီး။ ကျွန်မကလဲ ပါးပါးကြီးမှ ပါးပါးကြီး။

အရွယ်ရောက်လာတဲ့အခါကျတော့ ပါးပါးကြီးနဲ့ အရပ်ချင်း ပြိုင်တိုင်းရတာလဲအမော။ ပါးပါးကြီးနဲ့ မိုးမိုးကြီးဟာ သားသမီးတစ်ယောက်မှ မထွန်းကားခဲ့ဘူး။ ကျွန်မ အမေကို ငယ်ငယ်ကတည်းက မွေးစားခဲ့ပြီး အမေက မွေးလာတဲ့ သားသမီး၊ မြေးတွေအားလုံးကို တစ်ယောက်မကျန် အချစ်တွေ ပေးခဲ့တယ်။ အဲဒီအထဲမှာမှ ကျွန်မက အပိုဆုံး။ ဒါဟာ အနှိုင်းမဲ့ အချစ်တွေ ပေါ့။

ဘုရားသခင်ကလည်း ကျွန်မတို့ ကမ္ဘာသူ ကမ္ဘာသားအားလုံးကို အပြစ်ကနေ ကယ်ထုတ်ဖို့အတွက် သူ့ရဲ့ တစ်ပါးတည်းသော သားတော် သခင်ယေရှုကို ရွေးချယ်ပြီး လူ့ဇာတိ ခံယူ မွေးဖွားသန့်စင် စေလိုက်တဲ့အခါမှာ ခရစ္စမတ်ဆိုတဲ့ ပွဲတော်ကြီး ဖြစ်ပေါ်လာခဲ့ရပါတယ်။ သားတော် သခင်ယေရှုကလဲ ခမည်းတော်ဘုရားရဲ့ အလိုတော်ကို ဝန်ခံလို့ ကားတိုင်ကြီးကို ထမ်းပြီး ကရာနိတောင်ကုန်းပေါ်တက်၊ အပြစ်သားတွေရဲ့ ညှဉ်းပမ်းနှိပ်စက်ခြင်းကိုခံ၊ အသက်ကို စတေးလိုက်ခဲ့ပါတယ်။

သခင်ယေရှုရဲ့ အချစ်တွေဟာ ကျွန်မတို့ ကမ္ဘာသူ ကမ္ဘာသား အပြစ်သား အားလုံးအတွက် တကယ့်စစ်မှန်တဲ့ အနှိုင်းမဲ့အချစ် ပါဘဲ။

ရောမ ၅း၈ မှာဆိုထားတာက –

ငါတို့သည် အပြစ် ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံ တော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူ သည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏၊၊ တဲ့ ။

အခု ကျွန်မ ဝမ်းနည်းကြေကွဲတဲ့အခါမှာ ပါးပါးကြီးကို အော်ခေါ်လည်း ပါးပါးကြီး မကြားနိုင်တော့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ပါးပါးကြီးဟာ ခရစ်တော်၌ အိပ်ပျော်သွားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ကို အနှိုင်းမဲ့အချစ် နဲ့ ထာဝရချစ်နေမဲ့ သခင်ယေရှု ခရစ်တော်ဘုရားကတော့ ကျွန်မတို့ ဘယ်အချိန်မှာ ခေါ်ခေါ် အမြဲတမ်း ထူးပြီး ကူညီနေမဲ့ သူဘဲဖြစ်ပါတယ်။ ။ ပါးပါးကြီးချစ်တဲ့ သမီး **( ကျုံ့တာမယ် )**

( ဝန်ခံချက် ။ ။၂၉–၉–၂၀၀၆ တွင်ကျရောက်သော ကျွန်မရဲ့ ပါးပါးကြီး ကို လွမ်းဆွတ်မှု သုံး နှစ်ပြည့် အမှတ်တရ အဖြစ် ရေးသားပါသည်။)

ooooooooooooooooooooooooooooooooooooooooooooooooooooo

## ကိုးစားပါ ( ဖောတာရှု )

ကျွန်မကို ဘုရားသခင်က အစစအရာရာ ကောင်းကြီးတွေ ချပေးတယ်။ ကျွန်မ မြန်မာပြည်မှာ နေတဲ့ အချိန်ကစပြီး စင်ကာပူ ရောက်တဲ့အထိ ပါဘဲ။ ဒါပေမဲ့ အဲဒီကောင်းကြီးတွေကို ကျွန်မ နားမလည်ခဲ့ဘူး။ မြန်မာပြည်မှာ ရှိနေတုံးက စင်ကာပူကို သွားရမယ်လို့ လုံးဝ မမျှော်လင့်ခဲ့ပါဘူး။ **Dr. Ang** တို့ရဲ့ မိသားစု ဆက်သွယ်ပေးမှုနဲ့ စင်ကာပူကို ရောက်လာခဲ့ပါတယ်။ စင်ကာပူ မရောက်ခင်မှာ **Dr. Ang** က စင်ကာပူမှာ အလုပ် သွားလုပ်ဖို့ တိုက်တွန်း ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ ငြင်းခဲ့ပါတယ်။ **Dr. Ang** က ကျွန်မကို ထပ်မေးတယ်။ အခွင့်အရေးဆိုတာ တစ်ခါဘဲ ရတယ်။ ဒ့ါကြောင့် စင်ကာပူမှာ အလုပ် သွားလုပ်ပါတဲ့။ ကျွန်မလဲ နေထိုင် မကောင်းဖြစ်မှာ စိုးရိမ်တာက တစ်ကြောင်း၊ အင်္ဂလိပ်စကား သိပ်ပြီး မပြောတတ်တာက တစ်ကြောင်း အမျိုးမျိုးနဲ့ စဉ်းစားနေခဲ့ပါတယ်။ **Dr. Ang** ကလဲ ဘာမှ စိုးရိမ်နဲ့ စင်ကာပူက ဆရာဝန်တွေ တော်တယ်။ ကောင်းတယ်။ နောက်ဆိုရင်လဲ အင်္ဂလိပ်စကား ပိုပြီး ပြောတတ်လာမယ် လို့ တွန်းအားပေးခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်မ စင်ကာပူကို ရောက်လာခဲ့ပါတယ်။

စင်ကာပူကို ကောင်းမွန်စွာရောက်ဖို့ **Dr. Ang** အိမ်မှာ ဆုတောင်းပေးပြီး လေဆိပ်ကို လိုက်ပို့ခဲ့ပါတယ်။ စင်ကာပူကို ကောင်းမွန်စွာ ရောက်ခဲ့ပါတယ်။ အလုပ်ထဲမှာ ကောင်းမွန်စွာ လုပ်ကိုင်ခွင့်ရပေမဲ့ စင်ကာပူမှာ ရှိနေတဲ့ ကရင် မိတ်သဟာယ အသင်းတော် နဲ့



ယုဒသန်နှစ်ခြင်း အသင်း တော်တွေကို တက်ရောက်ခွင့် မရခဲ့ပါဘူး။ ကျွန်မ ဝမ်းနည်းပြီး မျက်ရည်ကျခဲ့ ရပါတယ်။ နေထိုင်မကောင်း ဖြစ်ပြန်တော့ မြန်မာပြည်ကို ပြန်ချင်တဲ့စိတ် ပြင်းထန် လာခဲ့ပြန်ပါတယ်။ ကျွန်မ ဆရာဝန်နဲ့ ပြခဲ့ပေမဲ့ ဘာရောဂါ ဖြစ်နေသ လဲ ဆိုတာ ဆရာဝန် မသိခဲ့ပါဘူး။ နောက်ပိုင်းမြန်မာ ဆရာဝန်နဲ့ သွားပြတော့ မြန်မာ ဆရာဝန်က **N.U.H** ဆေးရုံကြီးမှာ သွားပြဖို့ လမ်းညွှန်ခဲ့ပါတယ်။ ကျွန်မ **N.U.H** ဆေးရုံကြီး ရောက်တဲ့အခါမှာ ဆရာဝန်ကြီးက ကျွန်မကို မေးတယ်။ **What can I do for you?** ကျွန်မလဲ ခံစားနေရတဲ့ ရောဂါကို ပြောပြလိုက်ပါတယ်။ ကျွန်မကို စမ်းသပ်နေရင်းနဲ့ **Please, come again.** တဲ့။ ကျွန်မလဲ ဆရာဝန်ကို ပြန်မေးပါတယ်။ **Doctor, you don't know, what happen to me?** ဆရာဝန် ကျွန်မကို ပြန်ပြောတဲ့စကားက **I am good doctor.** တဲ့လေ။ ဒါနဲ့ စမ်းသပ်ခန်းထဲက ထွက်လာရင်း ကောင်တာ မှာ စမ်းသပ်ခ ၇၅ဒေါ်လာပေးပြီး ပြန်လာခဲ့ရပါတယ်။ ရောဂါ မသိရဘဲ စမ်း သပ်ခ ၇၅ဒေါ်လာ ပေးလိုက်ရတာကို နှမြောမိပါတယ်။

ကားစီးပြန်လာရင်းနဲ့ **Dr. Ang** ပြောလိုက်တဲ့စကားကို ပြန်သတိရမိတယ်။ စင်ကာပူက ဆရာဝန်တွေ တော်တယ်၊ ကောင်းတယ်တဲ့။ ဒီလို တော်တဲ့ ဆရာဝန်တွေက ကျွန်မ ဘာရောဂါဖြစ်တယ်ဆိုတာ စမ်းသပ်ခယူ စမ်းသပ်ပြီးတော့ ဘာဖြစ်လို့ မသိကြတာလဲ။ စင်ကာပူက ဆရာဝန်တွေ မသိတဲ့ ရောဂါ ဖြစ်နေတဲ့ ကျွန်မ မြန်မာပြည် ပြန်တာဘဲကောင်းတယ်။ ဆုံးဖြတ်ချက် ချပြီး အလုပ်ရှင်ကို ကျွန်မ မြန်မာပြည် ပြန်ဖို့ပြောလိုက်မိတယ်။ အလုပ်ရှင်တွေက ကျွန်မ ပြန်မှာ စိုးရိမ်ပြီး တားမြစ်တဲ့အတွက် နောက်ဆရာဝန် တစ်ယောက်နဲ့ ထပ်ပြမိတယ်။ နောက်ဆရာဝန်ကလဲ စမ်းသပ်ပြီးတော့ ကျောက်ကပ် မကောင်းဘူးလို့ ပြောပါတယ်။ ဆရာဝန့် စကားကို နားထောင်ပြီး ကျွန်မ ရယ်နေလိုက်ပါတယ်။

ကျွန်မ နေထိုင်မကောင်းတဲ့အချိန်မှာ ဘုရားသခင်ကို အားမကိုးခဲ့ဘူး။ အလုပ်ရှင်နဲ့ ဆရာဝန်တွေကိုဘဲ အားကိုးခဲ့တယ်။ နောက်ပိုင်း စင်ကာပူမှာ ရှိနေတဲ့ အစ်မဝမ်းကွဲဆီကို ဖုန်းဆက်ပြီး ညည်းတွားလိုက်၊ ပြောလိုက်နဲ့ သူလဲ စိတ်ညစ်နေမှာဘဲ။ ဒါပေမဲ့ ဖုန်းဆက်မြဲဆက်ပြီး ပြောပါတယ်။ "ရားနေမကောင်းဘူး၊ ဆရာဝန်တွေလဲ ရား ဘာဖြစ်နေတယ်ဆိုတာ မသိကြဘူး။ သူက ကျွန်မကို ပြန်ပြောပါတယ်။ "ဘုရားသခင်ဆီ ဆုတောင်းပါ၊ ဆရာဝန်တွေ မသိတဲ့အရာကို ဘုရားသခင် သိတယ်၊ ဆုတောင်းခြင်းနဲ့ ခွန်အားယူပါ" တဲ့။ ကျွန်မ နေ့စဉ် ကျမ်းစာဖတ် ဆုတောင်းတယ်။ တစ်နေ့မှာ ကျမ်းစာဖတ်နေရင်းနဲ့ မျက်နှာကို ကျမ်းစာနဲ့ အုပ်လိုက်ပြီး မြန်မာပြည်မှာ နေရင် အကောင်းသား၊ အခု လာချင်အုံးလေ စင်ကာပူကို လို့ ကိုယ်ကိုယ်ကို ပြန်ပြောပြီး ဝမ်းနည်းပြီး ငိုနေမိတယ်။ မြန်မာပြည်မှာနေရင် ဒီလို ဒုက္ခမျိုး ခံစားရမှာ မဟုတ်ဘူး။ ပြီးတော့ စားရတဲ့ အစားအသောက်ကလဲ မြန်မာပြည်နဲ့ မတူတော့ စိတ်ညစ်တယ်။ မြန်မာပြည်ကိုဘဲ ပြန်ချင်တယ်။ နေ့စဉ်နဲ့အမျှ ကျွန်မ ငိုယို ညည်းတွားနေရပါတယ်။ စင်ကာပူကို ဘာ့ကြောင့် ဘုရားရှင် ပို့ဆောင်ခဲ့တာလဲ လို့ ညည်းတွားနေမိပါတယ်။

သာပေါင်းမြို့နယ်က ကျေးလက်တောရွာမှာရှိတဲ့ အစ်မဆီ စာရေးလိုက်ပါတယ်။ "ရား နေမကောင်းဘူး။ ဟိုဆေးနဲ့ ဒီဆေး ရောစပ်ပြီး ဆေးဖော်ပေးပါ။ ရွာကဆေးကို မဝယ်ပေးနဲ့၊ ပုသိမ်မြို့ပေါ် တက်ပြီး ဆေးဝယ်ပေးပါ။ ရွာနားက ဆရာဝန်နဲ့ဘဲ ဆေးဖော်ပေးပါ။ နှစ်ရွာခြားက ဆရာဝန်နဲ့ ဆေးမဖော်ပေးနဲ့"လို့ စာရေးပြီး ဆေးမှာလိုက်ပါတယ်။ ကျွန်မရဲ့ အမေက ကျွန်မဆီ စာပြန်ရေးပါတယ်။ ဆေး မဝယ်ပေးတဲ့အပြင် "နင် ယုံကြည်မှု မရှိဘူးလား။ လုကာ ၁၈း၂၇ လူတွေ မတတ်နိုင်သော အမှုကို ဘုရားသခင် တတ်နိုင်တော်မူသည်။ လို့ ကျမ်းစာထဲမှာပါတယ်။ နင့် ယုံကြည်ခြင်းက ဒါဘဲလား။ ကျမ်းစာကို များများဖတ်ပါ"လို့ မှာလိုက်တယ်။ အမေ့ရဲ့ စာကို ဖတ်ပြီး ပြုံးနေမိသလို ခွန်အားလဲ နည်းနည်းရလာပါတယ်။

ရန်ကုန်မြို့မှာ ရှိတဲ့ အစ်မကလဲ အလုပ်အကိုင် အဆင်ပြေလား၊ တဲ့ ကျွန်မလဲ တွေ့ကြုံရတဲ့ အရာအားလုံးကို စာပြန်ရေးလိုက်ပါတယ်။ ရန်ကုန် က အစ်မကလဲ ကျွန်မကို ကျမ်းစာနဲ့ ဘဲ ကိုင်ပေါက်ပြန်ပါတယ်။ **သုတ္တံကျမ်း ၃း၅–၆ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့၊ ကိုယ့်ဥာဏ်ကို အမှီမပြုနှင့်၊ သွားလေရာရာ၌ ထာဝရ ဘုရားကို မျက်မှောက်ပြုလော့၊ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ဖြောင့်ပြင်တော်မူလိမ့်မည်** တဲ့။ နောက် ညီမငယ်ကလဲ မဿဲ ၇း၇ ကိုဖတ်ကြည့်ပါတဲ့။ ကျွန်မ ဖတ်ကြည့်တဲ့အခါ တဖြည်းဖြည်းနဲ့ မဿဲ ၂၁း၂၂ မှာပါတဲ့ **ယုံကြည်ခြင်းရှိလျှင် ပဌနာပြု၍ ဆုတောင်းသမျှတို့ကို သင်တို့သည် ရကြလိမ့်မည် ဟုမိန့်တော်မူ၏။** ဆိုတဲ့ ကျမ်းချက်ကို တွေ့သွားပါတယ်။

ဒီနေ့ကစပြီး ဘုရားသခင်ကိုဘဲ ယုံကြည်ကိုးစားပါတော့မယ်။ ကျွန်မ ခံစားနေရတဲ့ ရောဂါပျောက်ဖို့ရယ်။ ကရင် အသင်းတော်၊ ယုဒသန်နှစ်ခြင်းအသင်းတော် တွေကို တက်ရောက် ဘုရားရှိခိုးခွင့် ရဖို့ ကျွန်မ အစာရှောင် ဆုတောင်းပြီး ကျမ်းစာ မှန်မှန် ဖတ်ခဲ့ပါတယ်။ တစ်နေ့မှာ ကျမ်းစာကို ဟိုလှန်ဒီလှန် ဖတ်ရင်းနဲ့တွေ့မိတာကတော့။ ဘုရားသခင်က ဣသရေလ လူမျိုးတွေကို အဲဂုတ္တုပြည်က ကယ်နှုတ်ခဲ့တာကို ဣသရေလ လူမျိုးတွေဟာ ဘုရားသခင်ကို ကျေးဇူးမတင်ဘဲ အပြစ်တင်ခဲ့တယ်။ ပြီးတော့ အဲဂုတ္တုပြည်မှာ စားနေရတဲ့ အစားအသောက်ကိုလဲ ပြန်သတိရပြီး စားချင်နေတယ်။ အဲဂုတ္တုပြည်ကိုဘဲ ပြန်ချင်နေတယ်။ ဘုရားသခင်က သူတို့ကို ကောင်းတဲ့နေရာကို ပို့ဆောင်နေလျက်သားနဲ့ ဘာဖြစ်လို့ ညည်းတွားနေ ကြပါလိမ့်။ ဣသရေလလူမျိုးတွေ တော်တော် နားကောက်ပါလား။ ကျွန်မ ဣသရေလ လူမျိုးတွေကို စိတ်တိုမိသလို အပြစ်လဲ တင်မိပြန်ပါတယ်။ ကျွန်မ ကျမ်းစာကို ဖတ်ရင်းနဲ့ စိတ်မကောင်းမိသလို နောင်တလဲ ရလာမိပါတယ်။ ကျွန်မရဲ့ အသက်တာကို ပြန်စစ်ဆေးမိတဲ့အခါမှာ ကျွန်မလဲ ဘုရားသခင်က ဒီစင်ကာပူနိုင်ငံကို ပို့ဆောင်ပေးနေတာကို ကျွန်မက ကျေးဇူးမတင်တဲ့အပြင် ညည်းတွားလိုက် ငိုယိုလိုက် လုပ်ခဲ့မိတယ်။ မြန်မာပြည်ကိုဘဲ ပြန်ချင်နေမိ တယ်။

နောက်ပိုင်း ကျွန်မ ဘုရားသခင်ကို ကိုးစားလာမိတဲ့အချိန်မှာ ကျွန်မ ခံစားနေရတဲ့ရောဂါ ပျောက်ကင်းသွားသလို ကရင် အသင်းတော်ကို မိတ်သဟာယဖွဲ့ ဘုရားရှိခိုးခွင့် ရခဲ့ပါတယ်။ ကရင်အသင်းတော်မှာ ဘုရားရှိခိုးခွင့် ရတဲ့နေ့မှာဘဲ၊ ဘုရားကျောင်းမှာ ဟောတဲ့တရားဟောဆရာရဲ့ တရားဟောချက်က ကျွန်မရဲ့ အသက်တာနဲ့ သွားတိုက်ဆိုင်နေပါတယ်။ ဒီနေရာကို ရောက်လာရခြင်းဟာ ဘုရားသခင်ရဲ့ အကြံအစည်၊ ဘုရားသခင်ရဲ့ အလိုတော်၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဖြစ်တယ်။ ကျေးဇူးတော်ကို ပြန်ချီးမွမ်းပါလို့ ဟောခဲ့ပါတယ်။ ကျွန်မ ဝမ်းနည်းခြင်းများနဲ့ အတူ မျက်ရည်လဲ ကျခဲ့မိပါတယ်။

ကျွန်မ စင်ကာပူရောက်တာ ကျေးဇူးတော် ချီးမွမ်းဖို့ နေနေသာသာ ဘုရားသခင်ကို ကျေးဇူးမတင်တဲ့အပြင် တချိန်လုံး ညည်းတွားလိုက် မျက်ရည် ကျလိုက်နဲ့ နေခဲ့မိတယ်။ အခုဆိုရင် ကျွန်မ နေ့တိုင်း ကျေးဇူးတော် ချီးမွမ်းနေခဲ့မိပါတယ်။

ဒါ့ကြောင့် ချစ်သော ညီအစ်ကို မောင်နှမများ ကျွန်မလိုမျိုး မဖြစ်အောင် အလုပ်ထဲမှာ တွေ့ကြုံရတဲ့ အခက်အခဲပြဿနာကို ဘုရားသခင်နဲ့ ပြောပါ။ ဆုတောင်းပါ။ ဘုရားသခင်ကို ယုံကြည်ကိုးစားပါ။ ဘုရားသခင် မတတ်နိုင်တဲ့ အရာ မရှိပါ။ ॥ ( **ဖောဘာရှု** )

( စာကြွင်း။ ॥ ကျွန်မ ဖြစ်တဲ့ ရောဂါကတော့ မြန်မာပြည်မှာ စားနေ ကျ ထမင်းဟင်းကို မစားရဘဲ၊ အာလူး၊ ပဲ၊ ဆန်ပြုတ်တွေကိုဘဲ နေ့စဉ် စားရတဲ့ အခါ ကျွန်မ စားမဝင် အိပ်မပျော် ဖြစ်ပြီး လမ်းတောင် ကောင်းကောင်း မ လျှောက်နိုင်တော့ဘဲ အိပ်ယာပေါ်မှာ တုံးလုံးလဲ့ပြီး အာဟာရ ပြတ် နေတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ အလုပ်ရှင်က ထမင်းနဲ့ ဟင်း ပြန်ကျွေးလို့ အား ပြန်ရှိလာတာ ဖြစ်ပါတယ်။)

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## ဆုတောင်းဆက်ကပ်ခံစားရကျေးဇူးတော်

ကျွန်မ အနည်းငယ် သက်သေခံချင်ပါတယ်။ စာမေးပွဲ ဖြေဆိုခြင်း အကြောင်း အရာနဲ့ ပါတ်သက်ပြီးတော့ ဖြစ်ပါတယ်။ ကျွန်မ ဆယ်တန်း စာမေးပွဲ ဖြေဆိုပြီးသွားတဲ့အချိန်မှာ အောင်မယ် ဆိုတာ ကြိုသိနေပေမဲ့ ဂုဏ်ထူးရအောင် ဘယ်ဘာသာကိုမှ အကောင်းဆုံး မဖြေနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မ ဂုဏ်ထူး လိုချင်ပါတယ်။ ဒါ့ကြောင့် ဘုရားသခင်ဆီမှာ ယုံကြည်စွာနဲ့ ကျွန်မ ဆုတောင်းခဲ့ပါတယ်။ သင့်တော်သော ဘာသာမှာ ဂုဏ်ထူး တစ်ခုခု ပေးပါလို့ လူမတတ်နိုင်သောအရာကို ဖဘုရားရှင် တတ်နိုင်ပါတယ်လို့ ယုံကြည်စွာနဲ့ မျှော်လင့်လျှက် တောင်းခံခဲ့ပါတယ်။ အောင်စာရင်း ထွက်လာတဲ့ အချိန်မှာ ကျွန်မ ရင်ခုန်စွာနဲ့ အောင်စာရင်း သွားကြည့်တဲ့ အစ်ကို ဝမ်းကွဲ ပြန်အလာကို စောင့်ဆိုင်းနေခဲ့ပါတယ်။ အောင်စာရင်းက မနက်အစောကြီး ထွက်တာ ဖြစ်တဲ့အတွက် အဲဒီညက အိပ်မပျော်တာတော့ အမှန်ပါဘဲ။ ဆုတောင်းရတာလဲ အမောပါဘဲ။ အစ်ကိုလဲ ပြန်လာရော "နင် တစ်ဘာသာ ဂုဏ်ထူးပါတယ်။ သိပ္ပံတွဲမှာ"တဲ့ ကျွန်မလဲ ဝမ်းသာလွန်းလို့ ထခုန်ပြီး ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းလိုက်ပါတယ်။ တကယ်ဘဲ ဘုရားရှင်ဟာ ကျွန်မရဲ့ ဆုတောင်းသံကို နားညောင်းပြီး အဖြေပေးခဲ့ပါတယ်။ တကယ်ဘဲ ကျွန်မကို ဝမ်းသာခြင်း အဖြေ ပေးခဲ့ပါတယ်။

ဒုတိယ အကြိမ်ကတော့ ကျွန်မတို့ ဆယ်တန်းတွေ အောင်စာရင်း ထွက်ပြီးလို့ ကျောင်းတွေ ပိတ်ထားတဲ့အချိန် ဖြစ်ပါတယ်။ ဂျီတီအိုင် တစ်ခုဘဲ ဖွင့်ပါတယ်။ အဲဒါနဲ့ ကျွန်မလဲ ဂျီတီအိုင်ဘဲ လျှောက်လိုက်ပါတယ်။ ကျွန်မ အပါး ကတော့ အားမပေးပါဘူး။ မိန်းကလေး ဂျီတီအိုင် ပြီးရင် အလုပ်ရှာရတာ မလွယ်တာကို သူ့မျက်မြင် ကိုယ်တွေ့မို့ပါ။ ဒါပေမဲ့ ကျွန်မ ဘုရားရှင်ဆီမှာ ဆုတောင်းတယ်၊ အလိုတော်ရှိရင် တက်ခွင့်ပေးပါလို့ တောင်းခံခဲ့ပါတယ်။ ဘုရားရှင်ဟာ ကျွန်မ ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ ဂျီတီအိုင် တက်ခွင့်ပေးခဲ့ပါတယ်။ ပထမနဲ့ ဒုတိယနှစ်မှာ ကျွန်မ ဉာဏ်ရည်နဲ့ သင့်တော်တဲ့ အဆင့်ကို ပေးပြီး ပညာသင်နှစ် ပြီးဆုံးခဲ့ပါတယ်။ ထိပ်ဆုံးမှာလဲ မထားဘူး နောက်ဆုံး မှာလဲ မနေရပါဘူး။ အလယ်အလတ်တန်းစားမှာဘဲ အဆင့် ရခဲ့ပါတယ်။

တတိယနှစ်မှာတော့ နောက်ဆုံးနှစ်လဲဖြစ်တဲ့ အပြင် အောင်လက်မှတ် ထုတ်ရင်လဲ နောက်ဆုံးနှစ် အမှတ်နဲ့ ထုတ်ပေးမှာ ဖြစ်တဲ့အတွက် ကျွန်မ အဆင့် အောက်ကျသွားမှာ အရမ်းကြောက်ခဲ့ပါတယ်။ ဒုတိယနှစ်မှာ အဆင့် ၂၀ ဆိုတော့ နောက်ဆုံးနှစ်မှာ အဆင့် ၂၀အောက် ရောက်သွားရင် မလွယ်ဘူး။ စာကိုလဲ ပုံမှန်ပြန်ကျက်ပြီး ဆုတောင်းခဲ့ပါတယ်။ နောက်ဆုံးနှစ် စာမေးပွဲလဲ ဖြေရော နောက်ဆုံးဘာသာ ဖြစ်တဲ့ **Survey** ဘာသာကို ကောင်းကောင်း မဖြေနိုင်ခဲ့ပါဘူး။ အဆင့် အောက်ကျပြီလို့ တွက်ထားလိုက်မိပါတယ်။ အရမ်း စိုးရိမ်ခဲ့ပေမဲ့ ဘုရားရှင်ဆီမှာ ဆုတောင်းခဲ့ပါတယ်။ ကျွန်မ စာကြည့်ရဲ့သားနဲ့ ဘာဖြစ်လို့ မဖြေနိုင်ခဲ့တာလဲ။ ကျွန်မကို ကူညီ မစပါလို့ နေ့တိုင်း အောင်စာရင်းထွက်တဲ့နေ့ အထိ ကျမ်းစာဖတ်ပြီး ဆုတောင်းခဲ့ပါတယ်။ ဘုရားရှင်ဟာ အရာခပ်သိမ်းကို တတ်စွမ်းနိုင်တဲ့ ဘုရား ဆိုတာ အကြွင်းမဲ့ ယုံကြည်စွာနဲ့ ဆုတောင်းခဲ့တယ်။ အောင်စာရင်း ထွက်တဲ့

အခါ အဆင့် ၂၀အောက် မရောက်တဲ့အပြင် အဆင့် ၁၄ ထိရောက်အောင် တက်သွားပါတယ်။ ကျွန်မ ကြွားတာ မဟုတ်ပါဘူး။ ကျမ်းစာဖတ် ဆုတောင်း ခြင်းရဲ့ တန်ခိုးဟာ အလွန်ကြီးမားလှတယ်ဆိုတာ သက်သေထူခြင်းဘဲ ဖြစ်ပါ တယ်။

တတိယအကြိမ်ကတော့ **U.D.E** နောက်ဆုံးနှစ်ပါဘဲ။ ကျွန်မရဲ့ **Major** က **Physics** ပါ။ နောက်ဆုံးနှစ်ဆိုတော့ **Qualify** ဝင်ချင်သေး တယ်။ ကိုယ်က လိုချင်ပြီးတော့ အပျင်းထူပြီး စာမကျက်ဘဲနဲ့ ဘုရားချည်းဘဲ အားကိုးလို့ မရပါဘူး။ စာလဲ ကျက်ရမှာဖြစ်ပါတယ်။ စာမေးပွဲကို အမှန် အကန်နဲ့ ကောင်းမွန်စွာဖြေဆိုနိုင်ခဲ့ပါတယ်။ **Qualify** ဝင်မယ်တော့ မမှန်းရဲ ခဲ့ပါဘူး။ ဒါပေမဲ့ ဘုရားသခင်ဆီမှာ ကျွန်မ **Qualify** လေးတော့ဝင်ချင် ပါတယ်။ အလိုတော်ရှိရင် ပေးပါလို့ တောင်းခံခဲ့ပါတယ်။ ပြီးတော့ ကျွန်မ အရည်အချင်းနဲ့ သင့်တော်မယ်ဆိုရင် ချပေးပါလို့ တောင်းခံခဲ့ပါတယ်။ ဒီလိုနဲ့ အောင်စာရင်း ထွက်တဲ့နေ့မှာ ကျွန်မကို **Qualify** ဝင်စေခဲ့ပါတယ်။

ကျွန်မ သက်သေခံချင်တာကတော့ ဆုတောင်းခြင်းဟာ တကယ် ထိရောက်တယ်။ တောင်းတဲ့အခါမှာလဲ ယုံကြည်စွာနဲ့ တောင်းဖို့ လိုအပ်ပါ တယ်။ ဒီစာစောင် ဖတ်ပြီးတဲ့ ညီငယ် ညီမငယ်လေးတွေလဲ စာကျက်ရဲ့ သားနဲ့ ကောင်းစွာ မဖြေနိုင်တဲ့အခါ ဘာမှ စိတ်မပျက်ပါနဲ့၊ ဘုရားရှင်ဆီမှာ ယုံကြည်စွာနဲ့ တောင်းပါ။ အမှန်အကန် ကျေးဇူးတော် ခံစားရမှာပါ။ ကျွန်မ ကတော့ ခံစားရတဲ့ ကျေးဇူးတော်တွေ ရေတွက်လို့ မကုန်နိုင်တော့ပါဘူး။ ကျောင်းသား ဖြစ်ရင်တော့ စာကျက်ရမှာဘဲ။ စာမကျက်ဘဲ အပျင်းထူပြီး ပါးစပ်က ဘုရား ဘုရားနဲ့ အော်နေလို့ မရပါဘူး။ ဘုရားရှင်က စာမကြိုးစား ဘဲတောင်းတာထက်၊ စာကြိုးစားပြီး တောင်းတာကို ပိုကူညီဖို့ သေချာပါ တယ်။ ရောမ ၁၂း၁၂ က ဒီလို ဆိုထားပါတယ်။

**မြော်လင့်ချက် ဝမ်းမြောက်ကြလော့၊ ဆင်းရဲခုက္ခ ရောက်သောအခါ သည်းခံ ကြလော့၊ ဆုတောင်းပဌနာပြုခြင်း အမှုကို အမြဲ ပြုကြလော့၊၊**

**( WHITE )**

oooooooooooooooooooooooooooooooooooooooooooooooooooooooo

## ကျေးဇူးကမ္ဘာ (ကြေည် )

**Thank you, Grazie** (ဂရာဟ်ဇီးယား)**, Xie Xie Ni** (ရှဲ့ရှဲ့နီ)။

တစ်ကျောင်း၊ တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသကဲ့သို့ အင်္ဂလိပ်လို တစ်မျိုး၊ အီတလီလို တစ်ဖုံ၊ တရုတ်လို တသွယ် "ကျေးဇူး"ကို တုံ့ပြန်သော စကားလုံး လေးများ။

လူမျိုး အသီးသီးမှ ပညတ်ထားသော စကားလုံး လေးများသာ ကွာခြား သွားသော်လည်း ကမ္ဘာနှင့် တဝှမ်း ရှိနေသော လူသားများသည် အနည်းနှင့် အများ ကျေးဇူးတင် တတ်ကြပါသည်။ ထို့ကြောင့် ကျေးဇူးတရား များနှင့် ဖုံးလွှမ်းနေသော ကမ္ဘာကြီးကို "ကျေးဇူးကမ္ဘာ" ဟု ကျွန်မ တင်စား လိုက်ချင်ပါသည်။ တစ်ချို့ကမူ ကျေးဇူးတရားကို ကမ္ဘာလောကကြီး များစွာ တင်တတ်ကြ သည်ဟု ရည်ရွယ်၍ ပြောကြပါသည်။ မည်သို့ပင်ဖြစ်စေ၊ သက်ရှိ သက်မဲ့ အားလုံးတို့သည် တစ်ခုနှင့် တစ်ခု၊ တစ်ဦးနှင့် တစ်ဦး ကျေးဇူးပြုနေကြ စမြဲဖြစ်သည်။

ထိုကျေးဇူး အားလုံးသည် ကမ္ဘာလောကကြီးကို ဖန်ဆင်းထား သော ထာဝရဘုရား၏ ကျေးဇူးတော်များပင် ဖြစ်သည်။ ထိုကျေးဇူးတော် များကို ယုံကြည်သူများက ချီးမွမ်းလိုကြ၏။ ထိုသို့ ချီးမွမ်းနိုင်ရန် သက်သေခံ ရန် အတွက်လည်း စင်ကာပူတွင် ဝိညာဉ်ရေးရာ စာစောင်များကို ဖြန့်ဝေ နိုင်ရန် နှင့် ကျေးဇူးတော်ကို အဘဘုရား ပေးခဲ့ပြန်၏။ လက်လှမ်းမှီသူ မှန် သမျှကို ထိုစာစောင်လေးမှတဆင့် ဘုရားသခင်၏ ကျေးဇူးတော်များကို ဖတ် ခွင့်ရကြ၏။ ခွန်အားရကြ၏။ သက်သေခံခွင့်ရကြ၏။ ကျေးဇူးတော် ချီးမွမ်းခွင့်ရ ကြ၏။

ကျေးဇူးတော် ချီးမွမ်းရာ၌ မိမိ ရရှိထားသော ကောင်းကြီး ကျေးဇူး တော်ကို ချီးမွမ်းသက်သေခံ ရခြင်းအပြင် တပါးသူ ရရှိထားသော ကျေးဇူး တော်ကို ချီးမွမ်းခြင်းသည်လည်း ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်း ပင် ဖြစ်သည်။ ထို့ကြောင့် တပါးသူ ရရှိထားသော ကျေးဇူးတော်ကို ကျွန်မ ချီးမွမ်းပါရစေ။

တစ်နေ့ ဘုရားကျောင်းထဲ၌ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့် သက်သေခံခြင်းကို ပြုလုပ်ခဲ့ပါသည်။ ထိုနေရာသို့ ဖီးဖီးက ကျွန်မအား ခေါ်သွားခဲ့သည်။ တစ်ယောက်ပြီး တစ်ယောက် သက်သေခံ သွား ကြသည်များကို ကျွန်မ ကျေနပ်အားရစွာပြုံး၍ နားထောင်နေမိသည်။ "ဖီးဖီး အလှည့်" ဟု အားလုံးက ဝိုင်းပြောလိုက်စဉ်တွင် ဖီးဖီးက ကျွန်မကို "သမီး သွား သက်သေခံလိုက်ပါ သမီးတစ်ခါမှ သက်သေ မခံရသေးဘူး "ဟု ချော့၍ လွှတ်နေသည်။ မှန်ပါသည်။ အဲဒီအချိန်အထိ ဘုရားသခင်၏ ကျေးဇူးတော်ကို လူအများ ရှေ့တွင် ကျွန်မ သက်သေ မခံဘူးသေးပါ။ ခင်မင်သူ အချင်းချင်းသာ ဘုရားသခင်၏ ကျေးဇူးတော်များကို ပြောပြလေ့ရှိခဲ့ပါသည်။ လူအများရှေ့၌ ကိုယ် ပြောတာ မှားယွင်း သွားမလား၊ သူများ နားထောင်ချင်ပါ့မလား။ ငါ့ရဲ့ သက်သေခံချက်က သူများတွေအတွက် ရယ်စရာများ ဖြစ်နေမလား။ စသဖြင့် ရှက်နေ၊ ကြောက်နေမိပါသည်။ ယခု ကျွန်မ ထွက် မပြောပါက ဖီးဖီး ထွက် ပြော ရမည်ဖြစ်၍ ကျွန်မ လူရှေ့သို့ ရောက်မှန်းမသိ ရောက်လာခဲ့ပါသည်။ ဘယ်က စပြောရမှန်း မသိ။ လူတွေရှေ့မှာ လူတွေကို ရယ်ပြပြီး ပြောရမည့် စကားကို စဉ်းစားနေမိသည်။

ကျွန်မ ဒီနေ့ ရရှိတဲ့ ကျေးဇူးတော်လေး တစ်ခုကတော့ ကျွန်မ သူငယ်ချင်း တစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် သောက်နေ တုံး အသက် ၁၁ နှစ်လောက် ရှိတဲ့ ကလေးတစ်ယောက် ကျွန်မ ရှေ့မှာ လာရပ်ပြီး ပိုက်ဆံ တောင်းပါတယ်။ အဲဒီအခါမှာ ကျွန်မ လှူလိုက်ပြီး ကလေး ထွက်သွားတော့မှ ကျွန်မ သူငယ်ချင်းက "သူ့မှာ ခြေတွေ လက်တွေ အကောင်းကြီးနဲ့ စားပွဲထိုး လုပ်စားတောင် ရတယ်။ လွယ်လွယ် ရလို့ လွယ်လွယ် လိုက်တောင်းနေတာ အားမပေးနဲ့ သူ့မိဘတွေ ကလဲ တောင်းခိုင်း တာတွေ ရှိတတ်တယ်" လို့ပြောလာပါတယ်။ အဲဒီအခါမှာ ကျွန်မက သူ့ကို ကောက်ကာငင်ကာ ပြန်ပြောလိုက်မိပါတယ်။ "သူ့ မိဘတွေ မရှိလို့ နေမှာပေ့ါ။ သူမကောင်းတာ သူ့အလုပ် ငါကောင်းဖို့ အရေးကြီးတယ်။ ဒါ အသနားခံပြီး လိုက်တောင်းနေတာ၊ နှိမ့်ချခြင်းဘဲ။ မင်းကော နှိမ့်ချ နိုင်ပြီ လား။ တောင်းရဲလား၊ ဒီအချိန်မှာ ဘုရားသခင်က လူယောင်ဆောင်ပြီး လာတောင်းရင်ကော၊ ဘုရားသခင်မှန်း နောက်မှသိလို့ ငါ မလှူလိုက်တာ မှားရလေခြင်းဆိုပြီး နောက်မှ နောင်တ ရနေမယ်။ ဘုရားသခင်က ကိုယ်နှင့် စပ်ဆိုင်သောသူ ( နီးစပ်သူ)ကို ကိုယ်နှင့်အမျှ ချစ်လော့လို့ ဟောခဲ့တယ်လေ။ ကိုယ်ချင်းစာပါ သူငယ်ချင်း" လို့။ အဲဒီလို ကျေးဇူးတော်ကို ကျွန်မ ရရှိပြီး



နှုတ်ကပတ်တော်ကို တဆင့် ဟောကြားခွင့် ရတဲ့ အတွက် ကျေးဇူးတင်ပါတယ် ဟု လွယ်လွယ်ကူကူဘဲ ပြောထွက်ခဲ့ မိပါသည်။ ( မာကု ၁၂း၃၁)

လူအများ လက်ခုပ်တီးနေကြပေမဲ့ ကျွန်မ က ရှက်စိတ်နှင့် အပြန် မှာ ထိုင်ခုံ တစ်လုံးတောင် ဝင်တိုက် မိခဲ့ပါသည်။ ကျွန်မ ကဲ့သို့ လူရှေ့သူရှေ့ ထွက်ပြောရန် ရှက် နေကြသည့် သူများ လဲရှိကြ ပါလိမ့်မည်။ ထိုသူများအား ကူညီပေးရန် ဘုရား သခင် သည် သခင့်စကား စာစောင်အား ကျေးဇူး တော် ပေးခဲ့လေပြီ။ မပြော ရဲသူများ၊ အချိန် မရသူများ၊ အကြောင်းအမျိုးမျိုးကြောင့် သူများ ပြောတာကို နားထောင်ခွင့် မရသူများအတွက် ယခုကဲ့သို့ နိုင်ငံရပ်ခြား စင်ကာပူ မှာပင် ဝိညာဉ်ရေးရာ စာစောင်များကို ခွန်အားအပြည့် ထည့်၍ ဝိညာဉ်ခွန်အား မျှဝေ ခံစားနိုင်ရန် အခမဲ့ လုပ်ဆောင်ပေးနိုင်သော ကျေးဇူးတော်သည် ထူးခြားသော ကျေးဇူး တော်ပင် ဖြစ်ပါသည်။

အပါတ်စဉ် တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းပုံမှန် မတက်နိုင်၍ လုပ်ငန်းခွင်ရှိရာ ရပ်ဝေး၌ ဝိညာဉ်ခွန်အား ငတ်မွတ်နေသူများသည် မိမိတို့ အားလပ်သည့် အချိန်၊ ကြိုက်သည့် အချိန်တွင် လွတ်လပ်စွာ ဖတ်ရှုခွင့် ရကြ လေပြီ။ မိမိ သက်သေခံလိုသည့် အကြောင်းများကို သခင့်စကား စာစောင် လေးမှ သက်သေခံခွင့်ရကြလေပြီ။ ထို့အတူ ကျွန်မလည်း အဘဘုရားမှ ရရှိထားသော ကျေးဇူးတော်များကို မိဘများ၏ ကိုယ်စားပါ ချီးမွမ်း သက်သေ ခံခွင့် ရရှိသည့်အတွက် သခင့်စကားစာစောင်လေးအား မြန်မာ စကားလုံး လေးဖြင့် ကျေးဇူးများစွာ ( **dzei zu: mza: swa**) တင်ရှိပါကြောင်း။ ။

**( ရေကြည် )**

## စတိုင် စတိုင် စတိုင် **စတိုင်** စတိုင် စတိုင် စတိုင် (ပန်းနီနီ)

ကျွန်မ ဒီနေ့ သိပ်ပျော်နေပါတယ်။ ကိုယ့်ကိုယ်ကို အလှဆုံး ပြင်ဆင်ပြီး နေရာအနှံ့ လျှောက်သွားခဲ့ပါတယ်။ သူငယ်ချင်းတွေ လဲ ပျော်နေကြတယ် ဆိုတာ သိသာပါတယ်။ ကျွန်မ စင်ကာပူကို ရောက်တာ ကြာခဲ့ပေမဲ့ ဒီနေ့မှ လည်ပတ်ခွင့် ရတဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ အားလုံးထဲမှာ ကျွန်မ အလှဆုံးလို့ ကိုယ့်ကိုယ်ကို ထင်မိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဝတ်ထားတဲ့ စကတ်က အပါးစားလေး၊ အရောင်လဲက မော်ဒယ်စိမ်းလေး၊ ဖိနပ်က အမြင့် ၃လက်မ ရှိတဲ့ ခွာမြင့် ဖိနပ်လေး၊ အင်္ကျီလေးကတော့ အနက်ရောင် ဖဲသား အိအိလေး။ သူငယ်ချင်းတွေကတော့ သာမာန်ထက် မပိုကြပါဘူး။ ဒါ့ကြောင့်မို့ပေါ့ အားလုံးထဲမှာ ကျွန်မက ခေတ်အမီဆုံးလို့ ပြောတာ။ အားလုံးကလဲ ကျွန်မ ဒီနေ့ ပြုံးတာ သိပ်လှ တာဘဲလို့ ဝိုင်းပြောကြတယ်။ အဲဒီလို လှပခွင့် ပေးထားတဲ့ သခင်ကို ကျွန်မ မချီးမွမ်းဘဲ မနေနိုင်တော့ပါဘူး။ နောက်တစ်ခါ လျှောက်လည်ခွင့် ရရင် ဒီနေ့ထက် ပိုကောင်းအောင် လှအောင် လုပ်ရမယ်လို့ တွေးနေမိပါတော့တယ်။



ဘုရားကျောင်း ရောက်သွားတော့ အားလုံး ဓမ္မသီချင်းတွေ ဆိုနေ ကြပြီ။ ကျွန်မလဲ သုတ်သီးသုတ်ပြာနဲ့ တွေ့တဲ့ နီးစပ်ရာ ထိုင်ခုံတစ်ခုပေါ် ထိုင်ချ လိုက်ပါတယ်။ အဲ – အဲဒါမှ ခက်ပြီ၊ ကျွန်မရဲ့ နောက်ခုံမှာ လူငယ် ကောင်လေးတွေ ထိုင်နေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ စင်ကာပူ စတိုင် ချက်ပြုတ် ဘောင်းဘီက လမ်းလျှောက်လို့ ကောင်းပေမဲ့ ခုလို ထိုင် လိုက်ရင် မပေါ်သင့်တာတွေ ပေါ်တတ်လို့ အဲဒါကို သတိမထားမိဘဲ သူတို့ ရှေ့မှာ ထိုင်မိတဲ့ ကိုယ့်ကိုယ်ကို အပြစ်တင်လိုက်မိပါတယ်။ ဝတ်ပြုချိန် ပြီးတော့ သင်းအုပ်က ကျွန်မကို ခန စကားပြောရအောင် ဆိုပြီး လာခေါ်ပါတယ်။ ပြီးတော့ သင်းအုပ်က " ပြုံး က ဘောင်းဘီဝတ်တာ ကြည့်ကောင်းပါတယ်။ ဒါပေမဲ့ ဒီထက် ခါးရှည်တဲ့ ဟာမျိုးဝတ်ရင် ပိုကြည့်လို့ကောင်းမှာဘဲ" လို့ ပြောပါတယ်။ ကျွန်မလဲ ပြီးစလွယ်ဘဲ ဖြေခဲ့ပါတယ်၊ "ဟုတ်ကဲ့ နောက်တစ်ပါတ်ကျရင် ဝတ်လာခဲ့မယ်နော်" လို့။ အဲဒီလိုပြောပြီး ကျွန်မလဲ ပြေးထွက်လာခဲ့တယ်။

ကျွန်မရဲ့ ဝတ်စားပုံနဲ့ ပါတ်သက်ပြီး အသင်းသားတစ်ချို့က "ပြုံး စတိုင်က မင်းသမီးလိုဘဲ ဘာဝတ်ဝတ် ကြည့်ကောင်းတာဘဲ"လို့ပြောတယ်။ ကျွန်မ ကလဲ "စတိုင် ရှိမှ စတား ဖြစ်တာ"ဆိုတဲ့ လက်သုံး စကားလေးကို အမြဲ ပြောရင်း ကိုယ့်ကိုယ်ကို ကျေနပ်နေတဲ့သူပါ။

တစ်နေ့ တစ်နေ့ ကိုယ်ခန္ဓာလှအောင် လေ့ကျင့်ရ၊ နဂို ညိုတဲ့ အသားကို ပိုမည်း မသွားအောင် ထိန်းသိမ်းရ၊ လစဉ် မှန်မှန်ထွက်တဲ့ စတိုင်တွေကို မှန်မှန်လေ့လာရ နဲ့ ဆိုတော့ ပင်ပန်းလွန်းလို့ ဘုရားဝတ်ပြုချိန်မှာ အိပ်ငိုက် တတ်လွန်းလို့ လူကြီးတွေ ဆူပေါင်းလဲ များခဲ့ပါပြီ။

အရင် တပါတ်က ဆရာမက ကျမ်းစာပြိုင်ပွဲအတွက် ကျမ်းပိုဒ် ပေးပြီး " ပြုံး လဲ ဝင်ပြိုင်ပါလား"လို့ မေးတော့ ကျွန်မလဲ ပြိုင်မဲ့ အကြောင်း ပြောလိုက်ပြီး ခုချိန်ထိ ကျမ်းပိုဒ်ကို အစ ရရင် အဆုံး မေ့၊ အဆုံး ရရင် အလယ် မေ့ နဲ့ ဘယ်လိုမှ ကျက်လို့ မရခဲ့ပါဘူး။ ကြာတော့ မမကြီးက "ပြုံး ရေ နင်က ကျမ်းစာ ကျတော့ မေ့တယ်၊ လေ့ကျင့်ခန်း လုပ်တာ ကျတော့ ဘာလို့ မမေ့တာလဲ မသိဘူးနော်"လို့ ပြောတော့ ကျွန်မ စိတ်ထဲကဘဲ "ကျမ်းစာက အခုမှ စကျက်တာ လေ့ကျင့်ခန်းက လုပ်နေတာ ကြာပြီ" လို့ တွေးပြီး မျက်စောင်းထိုးလိုက်ပါတယ်။ အိမ်က လူတွေက ဒါဘဲ ပြောပြောနေကြတာဘဲ၊ ကျွန်မရဲ့ အဝတ်အစား ကိစ္စကို အပြောဆုံး။ တလောတုံးကဘဲ ကျွန်မတို့ အသင်းတော်က သင်းအုပ်ဆရာကြီးက ဝက်နှာခေါင်းမှာ တပ်တဲ့ ရွှေ မဖြစ်စေနဲ့ လို့ ကျမ်းစာအုပ်ဖွင့်ပြီး ကျွန်မကို ဆုံးမနေသေးတယ်။ တော်တော် ခက်တဲ့ လူကြီးတွေဘဲလို့ ကျွန်မ ပြန်တွေးမိသေးတယ်။ ကျွန်မက ခေတ် လူငယ်၊ ခေတ်ရဲ့ သမီးပျိုဘဲ ဒီလို ဝတ်တာ ဆန်းသလားလို့နော်။

တဖြည်းဖြည်း ကျမ်းစာပြိုင်ပွဲကြီး နီးလာပါပြီ။ ကျွန်မက အလွတ် မရသေးပါ၊ ဒါက အရေးမကြီးပါဘူး။ လူအများကြီးရှေ့မှာ စတိုင် မိမိလေး နဲ့ စင်ပေါ် တက်ရင် လူတွေ အကုန်လုံး ဝိုင်းငေးနေမှာ၊ ပြိုင်ပွဲနေ့အတွက် အဝတ်အစားကို ခုဘဲ ဝယ်လာခဲ့ပြီးပြီ။ အစမ်း ဝတ်ကြည့်နေတုံး မမကြီး တွေ့သွားပြီး "ဟဲ့ ပြုံး ပြုံး နင် ကျမ်းစာပြိုင်မှာ ဒီပုံစံနဲ့ ဝတ်လို့ ဘယ်ဖြစ်မလဲ ကြည့်စမ်းပါ အုံး အင်္ကျီကလဲ ပါးပါးလေး၊ ဘောင်းဘီကလဲ ချက်ပြုတ် ဘောင်းဘီ။ ရှေ့က ချက်ပေါ် ပြီး နောက်က ခါးလွတ်နေတာ လူမြင်လို့မှ မကောင်းတာဘဲဟယ်၊ တခြားဟာ ဝတ်စမ်းပါ။ ဒီပုံစံနဲ့ နင် ဘုရားကျောင်း သွားရဲတဲ့အပြင် ကျမ်းစာတောင် ဝင်ပြိုင်လိုက်အုံး မလို့လား" တဲ့။ ကျွန်မလဲ မမကြီးကို ဘာမှ ပြန်မပြောတော့ဘူး။ ပြိုင်ပွဲနဲ့ အဝတ်အစားက ဘာဆိုင်လို့လဲ ။

ကျွန်မ မျှော်လင့်စောင့်စားနေတဲ့ နေ့ကို ရောက်လို့လာခဲ့ပါပြီ။ တားထားတဲ့ ကြားက ကျွန်မ သိပ်ကြိုက်တဲ့ အင်္ကျီနဲ့ ဘောင်းဘီကို ဝတ်ဖြစ်အောင် ဝတ်ပြီး ကျမ်းစာပြိုင်ပွဲ ဝင်ပြိုင်ခဲ့ပါတယ်။ စင်ပေါ်ကို တက်တုံးက အကောင်း အစပိုင်းလဲ ဟုတ်၊ အလယ်လဲ ဟုတ်၊ နောက်ဆုံးကျတော့ ဘာဖြစ်သွားလဲ မသိဘူး၊ ဘယ်လိုမှ စဉ်းစားလို့ မရဘဲ ဆက်ရွတ်လို့ မရတော့ဘူး။ သဘာပတိက အချက်ပြပြီး ပြန်ဆင်းခိုင်းတော့ ကျွန်မလဲ ဒူးတွေတုန်ပြီး ပြန်ဆင်းခဲ့ပါတယ်။ ထိုင်ခုံဆီ ပြန်ရောက်တော့ သူငယ်ချင်းက "အားမငယ်ပါနဲ့ဟာ၊ ဆု မရလဲ ဒီနေ့ နင် အရမ်းလှတယ်သိလား"တဲ့။ အဲ့ဒါဘဲ ကျွန်မ လိုချင်တာ။

ဘုရား ဝတ်ပြုပြီးတော့ အသင်းတော် လူကြီး ရဲ့ ဇနီး အန်တီကြီး တစ်ယောက်က "သမီးလေး ပြုံး ကို အန်တီ စကားနည်းနည်း ပြောမယ်ကွယ် စိတ်တော့ မဆိုးနဲ့နော်၊ ကျမ်းစာထဲမှာ မိန်းမပျိုလေးတွေဟာ အသရေ ရှိဖို့ ပြောထားတယ်။ ဒါ့ကြောင့် ပြုံးကို အန်တီက ဒီထက် လုံခြုံတဲ့ အဝတ်အစား ကို ဝတ်ဆင် စေချင်တယ်။ " ကျွန်မလဲ ပြုံးပြီး နားထောင်နေပါတယ်။ ဘာမှ တော့ ပြန် မပြောဘူး။ လူတွေဟာ သူများကိုဘဲ ကြည့်တတ် ကြ တာ ဘဲ။ လာ သေးတယ် ကျမ်းစာနဲ့ ကိုင်ပေါက်လိုက်သေး။ ကျွန်မက ဘုရားသခင်ကို ချစ်လို့ ပြီးခဲ့တဲ့ နှစ်ကဘဲ ရေနှစ်ခြင်း ခံပြီးပြီလေ။ ခုကိစ္စက ဘုရား မကြိုက်တာ လုပ်တာမှ မဟုတ်တာ။ အန်တီကြီး ပြောတော့ ကျမ်းစာထဲ အသရေ ရှိရမယ်တဲ့၊ ဒါဆို ကျွန်မက ကျက်သရေ မရှိဘူးပေါ့။ ထားပါတော့။

ကျွန်မလဲ ဆက် မတွေးတော့ဘဲ၊ စီးတီးဟော **City hall** ဘက် ထွက်လာခဲ့ပြီး မြန်မာ ထမင်းဆိုင် မှာ ထမင်းဟင်း မှာစားနေတုံး ရွယ်တူ ကောင်လေး တစ်ယောက်က ထိုင်ခွင့် တောင်းပြီး စားပွဲမှာ လာထိုင်ပါတယ်။ ဒါမျိုး စင်ကာပူမှာ ရိုးနေပြီ။ ပြီးတော့ ဒီ ကောင်လေးကို ကျွန်မ တွေ့ဖူးတာ နှစ်ခါ သုံးခါ လောက် ရှိပြီ။ ဘာ့ကြောင့်လဲ ဆိုတော့ သူက ကျွန်မကို စူးစူးရဲရဲ ကြည့် ကြည့် နေလို့ပါ။ ခုတော့ သူလာထိုင်ပြီး "အစ်မ ကို တစ်ခုလောက် မေးချင် လို့ " ကျွန်မလဲ ပါးစပ်နဲ့ မဖြေဘဲ သူ့ကို မျက်ခုံးလေးတွေ ပင့်ပြီး ဘာများလဲ လို့ အမူအယာနဲ့ မေးတော့ သူက ဆက်ပြီး "အစ်မကို ဆန်းဒေးဆို ဒီမှာ လာထိုင်နေတာ ကျွန်တော် တွေ့တွေ့နေတာကြာပြီ " ကျွန်မလဲ ပါးစပ်ထဲက ထမင်းကို အပြီးသတ်ဝါးပြီး "ဟုတ်တယ် တို့တက်တဲ့ ဘုရားကျောင်းက ဒီနား မှာလေ" ကောင်လေးက " သြော် အစ်မက ခရစ်ယာန်ကိုး၊ ဒါဆို အတော်ဘဲ သိချင်တာလေး မေးမလို့၊ လူတွေပြောတာ ခရစ်ယာန်တွေ အကုန်လုံးက သခင်ယေရှုရဲ့ စကားကို အားလုံး နားထောင်ကြတယ်ဆို၊ ပြီးတော့ သခင်ယေရှုရဲ့ စကားတွေဟာ ဒီနေ့ အထိ ခေတ်မှီနေတုံးဆို အဲဒါ ဟုတ်သလား လို့" ကျွန်မလဲ ထမင်းလုတ်ဝါးရင်း ခေါင်းညိတ်ပြလိုက်ပါတယ်။ ဒီတော့ သူ့ မျက်နှာလေး ပြုံးသွားပြီး "အဲဒီ အထဲမှာ အစ်မရော ပါသလား" ကျွန်မလဲ ပြုံးပြီး "ရက်စ်" လို့ဖြေလိုက်တော့ သူ့မျက်နှာမှာ ကျွန်မ အဓိပ္ပါယ် ဖော်လို့ မရတဲ့ အပြုံးတစ်ခု တခနချင်း ရောက်လာပြီး "ယုံပါပြီဗျာ၊ သခင်ယေရှု ခရစ် တော် ခေတ်မှီတယ်ဆိုတာ ဘာဖြစ်လို့လဲ ဆိုတော့ ဒီနေ့ ခရစ်ယာန် မိန်းကလေးတွေကို ချက်ပြုတ် ဘောင်းဘီတွေဘဲ ဝတ်ခိုင်းထားလို့" အို – ဘုရားသခင် သူ – သူ – ကျွန်မကို ရွဲ့ပြောပြီး လှောင်သွားတာပါလား။ ကျွန်မ ကိုတင် မကဘူး သခင်ယေရှုကိုပါ လှောင်ပြောသွားတာ။

အဖ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မရဲ့ စတိုင်ကြောင့် အဖရဲ့ နာမတော် ပြက်ရယ်ပြုခြင်း ခံရပြီ။ ကျွန်မ ယူကြုံးမရ ဖြစ်မိပါတယ်။ စားလက် စ ထမင်းလဲ မကုန်တော့ဘူး။ အဲဒီ ဆိုင်ကနေ ကျွန်မ ပြေးထွက်ပြီး ဘုရားကျောင်းဝင်းထဲ ပြေးဝင်ပြီးတော့ လှေကားထစ်တွေ ပေါ်မှာ ပုံလျက်သား လဲ

ကျရင်း ကျွန်မ အပြစ်တွေကို ခွင့်လွှတ်ဖို့ ဝန်ချ ငိုကြွေး ဆုတောင်း နေမိပါတော့တယ်။ ။ မေတ္တာအားဖြင့် – **ပန်းနီနီ (ကရာနီ )**

ooooooooooooooooooooooooooooooooooooooooooooooooooooooooooo



## "သခင်ယေရှု ထံမှပေးစာ"

ချစ်လှစွာသောသားသမီးတို့ ...

သင်တို့ သိထားတဲ့အတိုင်းပဲ ငါ့မွေးနေ့တစ်ဖန် ရောက်လာတော့ မယ်။ နှစ်စဉ် နှစ်တိုင်းပဲ ငါ့မွေးနေ့ကို ဆင်နွှဲကြသလို သည်နှစ်လည်း ဆင်နွှဲကြအုံးမယ် ဆိုတာကို ငါသိတယ်။ ဒီအချိန်အခါကို ရောက်တယ်ဆိုရင်ပဲ မြောက်မြားစွာသော လူတွေဟာ လက်ဆောင်တွေဝယ်ကြသလို၊ ဈေးဆိုင် တွေမှာ လည်း ခရစ္စမတ်ရာသီအတွက် လက်ဆောင်တွေ၊ အိမ်အပြင်အဆင် အတွက် ပစ္စည်းတွေ အများကြီး ရောင်းချကြတယ်။ တစ်နှစ်တစ်ခါ ငါ့မွေးနေ့ ကို သတိရတဲ့အတွက် ဝမ်းသာ ပါတယ်။ သင်တို့သိထားတဲ့အတိုင်းပဲ ငါ့ မွေးနေ့ကို ဟိုးလွန်ခဲ့သော နှစ်များစွာကတည်းက ဆင်နွှဲကျင်း ပခဲ့ကြတယ်။

ပထမတော့ လူသားတွေဟာ သခင်ယေရှု ဤလောကသို့ ကြွလာပြီး လူ့ဇာတိအဖြစ်ခံယူ ခြင်းကို ကျေးဇူးတင် အသိအမှတ်ပြုကြပါတယ်။ နောက်ပိုင်းတော့လည်း လူသားတွေဟာ ဘာအဓိပ္ပါယ်နဲ့ ခရစ္စမတ်ကို ဆင်နွှဲနေကြခြင်းကို သတိမထားမိကြပါဘူး။ မိသားစုများ၊ သူငယ်ချင်းများဟာ ခရစ္စမတ်အချိန်ရောက်ရင် အတူတကွ ပြန်လည်ဆုံ တွေ့ကြပြီး ပျော်ရွှင်စွာ ခရစ္စမတ်ကို ကျင်းပနေကြပေမဲ့လည်း တစ်ကယ့်တစ်ကယ် ခရစ္စမတ်ကို ဆင်နွှဲကျင်းပရခြင်းရဲ့ အဓိပ္ပါယ်ကို မေ့တတ်ကြပါတယ်။

ငါသတိရပါသေးတယ် ပြီးခဲ့တဲ့နှစ်က ကြီးကျယ်ခမ်းနားတဲ့ စားသောက်ပွဲတစ်ခုကို ငါ့မွေးနေ့ပွဲအတွက် ပြင်ဆင်ပေးကြတယ်။ ညစာစားပွဲမှာ ကောင်းပေ့၊ အရသာရှိပေ့ ဆိုတဲ့အစားအစာများ၊ ချောကလက်များ၊ အသီးအနှံများ၊ ပေါင်မုန့်၊ ထောပတ်များနဲ့ ပြင်ဆင်ပေးထားကြတယ်။ အခန်းတွေကိုလည်း ရောင်စုံမီးလုံးများနဲ့လှပစွာ တန်ဆာဆင်ထားကြတယ်။ လက်ဆောင် ပစ္စည်းများစွာကိုလည်း လှပသေသပ်စွာ ထုပ်ထားလိုက်သေးတယ်။

ဒါပေမဲ့လည်း သင့်ကိုတစ်ခု သိစေချင်တယ်။ ငါ့အတွက် ရည်ရွယ်ပြီး ကျင်းပတဲ့ပွဲမှာ ငါဟာ ဖိတ်ကြားခြင်း မခံရပါဘူး။ ငါဟာ အမှန်တကယ်တော့ အထူးဧည့်သည်တော် တစ်ယောက်ပါပဲ။ ဒါပေမဲ့ ငါ့ထံကို ဖိတ်စာ မပို့ကြပါဘူး။ အမှန်တကယ်တော့ ဒီပါတီပွဲဟာ ငါ့အတွက် ဖြစ်ပေမဲ့ လည်း တကယ့်တကယ် အဲ့ဒီ ခရစ္စမတ်နေ့ ရောက်လာတဲ့အခါမှာ ငါ့ကို အပြင်မှာထားခဲ့ကြတယ်။ ငါဟာသူတို့နှင့် အတူတကွ ပါဝင်ဆင်နွှဲချင် ပေမဲ့လည်း ငါ့ကိုအပြင်ဘက်မှာ သော့ခတ်ထားခဲ့ကြတယ်။ ငါ့ကို ဝင်ခွင့် မပေး ကြပါဘူး။

အမှန်တကယ် ပြောရရင်တော့ ဒီအရာတွေဟာ ငါ့အတွက် မထူးဆန်း တော့ပါဘူး။ ဟိုးလွန်ခဲ့တဲ့ နှစ်များစွာတုန်းကလိုပဲ ငါဟာ အပြင်ကပွဲကြည့် ပရိသတ် တယောက်ပါပဲ။ ငါ့ကို မဖိတ်တဲ့ အတူတူ ငါဟာ ပါတီပွဲထဲကို တိတ်ဆိတ်စွာပဲ ဝင်ခဲ့ပြီး အမှောင်ကျကျ ဒေါင့်လေးတစ်နေရာမှာ မတ်တပ် ရပ် နေခဲ့ တယ်။ ပါတီပွဲလာတဲ့ လူတွေအားလုံးဟာ သောက်စားယစ်မူးနေကြတယ်။ အချို့ဟာလည်း ပျော်စရာ၊ ပျက်စရာဟာသများ ပြောကြတယ်။ သူတို့အတွက်တော့ တစ်ကယ့်ကို မင်္ဂလာရှိတဲ့ ပျော်ပွဲရွှင်ပွဲကြီး ပါပဲ။ အဲ့ဒါအပြင် အနီရောင် ဝတ်ဆင်ထားပြီး မုတ်ဆိတ်မွေးထူထူ လူဝကြီးတစ်ယောက်ဟာ ဟိုး – ဟိုး – ဟိုး – လို့ဆိုပြီး အခန်းထဲ ဝင်လာပါတယ်။ သူ့ကို ကြည့်ရတာ အရက်သောက်ထားပုံပါပဲ။ သူဟာ ဆိုဖာပေါ်ထိုင်ချလိုက်တဲ့အခါ ကလေး တွေဟာ သူ့နားကို ဝိုင်းအုံလာပြီး "စန်တာကလော့စ်လာပြီ။ စန်တာကလော့စ် လာပြီ။" ဆိုပြီး ဝမ်းသာအားရ သူ့ဆီသွားပြီး လက်ဆောင်တွေ တောင်းကြတယ်။ ခရစ္စမတ်ပွဲကို ကြည့်ရတာ စန်တာကလော့စ် ပွဲနဲ့ တူသလိုလိုပါပဲ။

ညလယ်ရောက်တဲ့အခါ လူတွေဟာ အချင်းချင်း ဖက်ယမ်းနှုတ်ဆက် ကြတယ်။ ငါလည်းပဲ လက်ကိုဆန့်တန်းပြီး ငါ့ကို လာပြီး ဖက်ယမ်းနှုတ်ဆက်မဲ့အချိန်ကို စောင့်နေခဲ့တယ်။ ဒါပေမဲ့လည်းလေ သင်သိပါသလား? ဘယ်သူမှ ငါ့ကိုလာပြီး ဖက်ယမ်း မနှုတ်ဆက်ကြဘူး။ ရုတ်တရက် သူတို့တွေဟာ လက်ဆောင်ပစ္စည်းတွေကို အလဲအလှယ် လုပ်ကြတယ်။ လက်ဆောင်ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု စိတ်လှုပ်ရှားစွာ ဖွင့်ကြည့် ကြတယ်။ အားလုံးကိုယ်စီ ဖွင့်ကြည့်ကြပြီးတဲ့အခါမှာ ငါ့အတွက် တစ်ခု တစ်လေကျန်ကောင်းပါရဲ့လို့ ငါကြည့်မိတယ်။ ဒါပေမဲ့လည်းလေ လက်ဆောင်ထားတဲ့နေရာမှာ ငါ့အတွက် ဘာမှ မကျန်တော့ဘူး။

သင့်မွေးနေ့ပွဲမှာ လူတိုင်း လူတိုင်းဟာ လက်ဆောင်ကိုယ်စီတွေနဲ့ အလဲ အလှယ်လုပ်ကြပေမဲ့လည်း သင့်အတွက် ဘာမှ မပေးကြဘူးဆိုရင် သင်ဘယ် လိုခံစားရမလဲ? နောက်ဆုံးတော့ ငါဟာ ဒီပါတီပွဲမှာ အလိုမရှိတဲ့ လူတစ်ယောက်ပါပဲလားလို့ သိရှိပြီး တိတ်ဆိတ်စွာနဲ့ပဲ ထွက်ခွာခဲ့ပါ တယ်။ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ ဆိုးလာပါတယ်။ လူတွေဟာ ခရစ္စမတ်နေ့ ရောက်လာရင် လက်ဆောင်တွေ၊ ပါတီပွဲတွေ၊ စားကောင်း သောက်ကောင်းတွေကို သတိရကြပေမဲ့လည်း ငါ့ကိုတော့ ဘယ်သူမှ သတိမရကြပါဘူး။

သင့်ဘဝထဲကို ငါ့ကိုဝင်ခွင့်ပေးဖို့အတွက် ဒီခရစ္စမတ်မှာ ငါအလိုရှိတယ်။ ငါ သင်တို့ကို သတိရစေချင်တာကတော့ ဟိုနှစ် ပေါင်း နှစ်ထောင်ကျော် ကာလတုန်းက ငါဟာဒီလောကကို ကြွလာပြီး သင့်ကို ကယ်တင်ဖို့အတွက် ကားတိုင်ပေါ်မှာ ငါ့အသက်ကို ပေးခဲ့တယ်။ ဒီအမှုအရာများအားလုံး ကို သင့်နှလုံးသားထဲမှာ ယုံကြည်လက်ခံဖို့ ဒီနေ့ ငါအလိုရှိတယ်။

ငါ သင်တို့ကို တစ်စုံတစ်ရာ ပြောပြချင်တယ်။ လူတွေကျင်းပတဲ့ ပါတီပွဲမှာ ငါဟာ ဖိတ်ကြားခြင်း မခံရတဲ့အတူတူ ငါ့ ဟာငါ ခမ်းနားထယ်ဝါပြီး စည်းကားသိုက်မြိုက်တဲ့ ပွဲကို ဆင်ယင်ကျင်းပမှာ ဖြစ်ပါတယ်။ ငါအခုနောက်ဆုံး အစီစဉ်များ ပြုလုပ်နေဆဲပဲ ဖြစ်ပါတယ်။ ဒီနေ့ သင်တို့ ထံကို ငါ့ရဲ့ဖိတ်စာတွေကို ပို့ပေး လိုက်ပါတယ်။ သင် ငါ့ရဲ့ပွဲကို လာမလာ သိစေချင်ပါတယ်။ လာမယ်ဆိုရင် သင့်အတွက် နေရာ စီစဉ်ပေးထားမှာဖြစ်ပြီး သင့်ရဲ့ နာမည်ကိုလည်း ဧည့်သည်စာအုပ်ထဲမှာ ရွှေရောင်စာလုံးများနဲ့ ရေးထိုး ထားပေးမယ် ဖြစ်ပါတယ်။ အဲ့ဒီ ဧည့်သည်စာရင်းထဲမှာပဲ ရှိတဲ့သူကို ငါ့ပါတီပွဲကို ဝင်ရမှာ ဖြစ်ပါတယ်။ ငါ့ဖိတ်စာကို ပြန်စာမပို့တဲ့သူကိုတော့ ငါ့ပွဲထဲကို ဝင်ခွင့် မပေးဘူး။ သင်အဆင်သင့် ပြင်ထားပါ။ အားလုံး အဆင်သင့်ဖြစ်ရင် ငါသင့် ကို အကြောင်းကြား လိုက်ပါ့မယ်။ မကြာမီ ဆုံတွေ့ကြရတော့မဲ့ – အဂ္ဂါပေ မေတ္တာနှင့် သင့်ကို ချစ်တဲ့ – သခင်ယေရှု

(**Internet** တစ်ခုမှလက်ခံရရှိသော စာမူအား ပြန်လည် ဘာသာပြန်ထားပါသည်)။ **နန်းခင်ဖြူ ( ခင်ကာမှူ )**

---

## ကျွန်တော် နှင့် မွေးနေ့ ပွဲတော် (မင်းအောင်သက်လွင်)



ကျွန်တော့် အသက် (–) ကျော်ပါပြီ။ တကယ်ဆို မွေးနေ့ပေါင်း မြောက်များ စွာကို ကျင်းပနိုင်ပေမဲ့ ကျွန်တော့် ဘဝမှာ အခုထက်ထိ မွေးနေ့ ၅ ကြိမ်ဘဲ လုပ်ခဲ့ဖူးပါတယ်။ မွေးပြီး ပြီးချင်း တုံးကတော့ ဘုရားကျောင်း မှာ ကျွန်တော့်ကို ဆက်ကပ် ပေးခဲ့တယ်လို့ အမေပြောပြခဲ့လို့ သိခဲ့ရပါတယ်။ လူမှန်း သိတတ်စ ၃–၄ နှစ်သား အရွယ်က စမယ်ဆိုရင် ...

၁၂နှစ်သား အရွယ်မှာ မွေးနေ့ပွဲ လုပ်ခဲ့ဖူးပါတယ်။ ဘုရားကျောင်းက လူတွေ အယောက် ၅၀ နီးပါးလောက် လာကြတယ်။ မုန့်ဟင်းခါး ကျွေးတယ်။ ဒါပေမဲ့ မွေးနေ့က ကျွန်တော့်ရဲ့ တကိုယ်တော် မွေးနေ့ မဟုတ်ဘူး။ ဖက်စပ် မွေးနေ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် အစ်မနဲ့ ကျွန်တော်က မွေးလချင်း တူတဲ့အတွက် အကုန်အကျ သက်သာအောင် အမေက မောင်နှမ နှစ်ယောက်ကို ဖက်စပ်မွေးနေ့ လုပ်ပေးတာ။ အသက် ၂၅နှစ်တုံးက မွေးနေ့ လုပ်တယ်။ အဲဒီတုံးက ကျွန်တော် အစိုးရ စက်ရုံတစ်ခုမှာ အလုပ်လုပ်နေသလို ဆန်းဒေးစကူးလ် သင်ပေးနေတဲ့အတွက် ကိုယ့်လခနဲ့ ကိုယ် တစ်ကိုယ်တော် လုပ်တာ။ ဆန်းဒေးစကူးလ် ကလေးတွေ နဲ့ သူငယ်ချင်းတွေ အယောက် ၇၀ကျော် လောက်လာကြတယ်။ အသက် ၂၆နှစ် မွေးနေ့ကျတော့ အလုပ်ကထွက်လိုက်ပြီးလို့ ဝင်ငွေ မရှိတော့တဲ့ အတွက် ရင်းနှီးတဲ့ သူငယ်ချင်းတွေက ကျွန်တော့်အတွက် စားစရာနဲ့ မွေးနေ့ကိတ်

တွေကို သူတို့ပိုက်ဆံနဲ့ သူတို့ ဝယ်လာပြီး ကျွန်တော့်မွေးနေ့ကို အိမ်မှာ အကျဉ်းချုံးပြီး လုပ်ပေးခဲ့ပါတယ်။ လူ ၁၀ယောက် လောက်နဲ့ပေါ့။

အဲဒီလိုနဲ့ ကျွန်တော် စင်ကာပူကို ရောက်လာပါလေရော၊ ပိုက်ဆံတော့ ရှိလာပါရဲ့၊ မွေးနေ့လုပ်ဖို့ အချိန်မရှိတာရယ်၊ နေရာ မရှိတာရယ်။ မွေးနေ့ပွဲ ဖိတ်ရ လောက်အောင် အသိမိတ်ဆွေ မရှိတာရယ်ကြောင့် စင်ကာပူမှာ နှစ်တော် တော်ကြာခဲ့ပေမဲ့ မွေးနေ့ ၂ခါဘဲ လုပ်ဖြစ်ခဲ့ပါတယ်။ ပထမ တစ်ခါ ကတော့ ပုသိမ်က ယုံကြည်သူ ညီအစ်ကိုမောင်နှမတွေ တိုပါးယိုး ပန်းခြံထဲမှာ လုပ်တဲ့ မွေးနေ့ပွဲမှာ တရား ဟောဖို့ ကျွန်တော့်ကို လာဖိတ်တဲ့ အတွက် မွေးနေ့တရား သွားဟောပေးခဲ့ပါတယ်။ တိုက်တိုက် ဆိုင်ဆိုင်ပါဘဲ အဲဒီနေ့က မွေးနေ့ရှင်နဲ့ ကျွန်တော့်ရဲ့ မွေးလ သွားတူနေတဲ့အတွက် တရား ဟောရင်း ထည့်ပြောလိုက်တဲ့အခါ သူတို့က အားနာပါးနာနဲ့ ကျွန်တော့် မွေးနေ့ကိုပါ အရေးပေါ် ပေါင်းပြီး လုပ်ပေးတဲ့အတွက် သူများမွေးနေ့ကိတ်မှာ ကိုယ်ပါ ယောင်တောင်ပေါင်တောင်နဲ့ ဖယောင်းတိုင် မှုတ်ပြီး အချောင် ကပ်မြှောင် မွေးနေ့ပွဲ လုပ်လိုက်ရပါတယ်။

နောက် တစ်ခါကတော့ မွေးနေ့ ပွဲလုပ်ချင်တဲ့စိတ် ရှိနေတဲ့အတွက် ကျွန်တော်နဲ့ ဘဝတူ အလုပ်ကြမ်းသမားတွေ စုပေါင်း ဘုရားရှိခိုးတဲ့ ဘလူးစတားစ် မိတ်သဟာယ သောကြာနေ့ ညဖက် လမ်းဘေးက ရေမြောင်းကြီး ဘေးမှာ မွေးနေ့ပွဲကို ည ၁၀နာရီ လောက်မှာ လုပ်ခဲ့ဖူးပါတယ်။



အဲဒီတော့ ကျွန်တော့် ဘဝ မှာ ဒီအသက် ဒီအရွယ်ရှိတဲ့ အချိန်ထိ လူစုံတက်စုံနဲ့ လုပ်ခဲ့တဲ့ မွေးနေ့ပွဲက ၅ ကြိမ်ဘဲ ရှိခဲ့ဖူး ပါတယ်။

မွေးနေ့နဲ့ ပါတ်သက်ပြီး ကျွန်တော်နဲ့ နီးစပ်ရာ အသိုင်းအဝိုင်းက မိတ်ဆွေတစ်ချို့ ရဲ့ အဖြစ်အပျက်လေးတွေကို နည်းနည်း ဝေမျှချင်ပါတယ်။ စင်ကာပူ ရောက်လာကာစ မိတ်ဆွေတစ်ယောက်က ငွေလို နေချိန်မှာ သူ့မွေးနေ့ ရောက်တော့ ကုမ္ပဏီသူဌေးက ဒေါ်လာ ၁၀၀ မွေးနေ့ လက် ဆောင် လာပေးကြောင်း ဝမ်းသာအားရ ပြောသွားပါတယ်။ ကိုးရီးယား မှာ အလုပ်သွားလုပ်တဲ့ မိတ်ဆွေ တစ်ယောက်က သူ့မွေးနေ့မှာ အလုပ်ချိန် အတွင်း သူဌေးရယ် သူဌေးကတော်နဲ့ ကုမ္ပဏီ ဝန်ထမ်းတွေက မွေးနေ့ ကိတ် မုန့်ပေါ် ဖယောင်းတိုင် ထွန်းပြီး သူ့ရှေ့မှာ မွေးနေ့သီချင်းဆိုရင်း လက်ဆောင် ပေးသွားတာကို မြန်မာပြည်မှာတုံးက မကြုံဖူးတဲ့ အဖြစ်အပျက်မို့ ဝမ်းသာမိ ကြောင်း ပြောပြတာ ကြားဖူးပါ တယ်။ မြန်မာပြည်က နာမည်ကြီး အဆို တော် တစ်ဦးက တကိုယ်တော် ဖျော်ဖြေပွဲ လုပ်တဲ့ ဗီစီဒီအခွေထဲမှာ သူအခု လို နုပျိုလန်းဆန်း နေတာဟာ ကိုယ်မွေးတဲ့နေ့ကို မေ့ထားပြီး မွေးနေ့ပွဲ ခနခန မလုပ်တဲ့အတွက် ကိုယ့်အသက် ကိုယ်မေ့ပြီး စိတ်ချမ်းသာ နုပျိုနေတာ ပါလို့ ပရိတ်သတ်တွေကို ပြော သွားတာ ကြည့်လိုက်ရပါတယ်။

ကျွန်တော်နဲ့ အတူတူ အလုပ်လုပ်တဲ့ သူငယ်ချင်း တစ်ယောက် ကတော့ သူ့မွေးနေ့မှာ သူ့ကို မွေးပေးတဲ့အမေက အဓိက ဖြစ်တဲ့ အတွက် သူ့အသက်နဲ့ ညီမျှတဲ့ ငွေ ( ဥပမာ အသက် ၃၁ နှစ်ဆိုရင် ငွေ သုံးသိန်း တစ်သောင်း) ကို အမေ့အတွက် သီးသန့် စင်ကာပူကနေ ပို့ပေးပြီး သူ့မွေးနေ့မှာ အမေ့ကို ကျေးဇူးတင်ကြောင်း ဖုန်းနဲ့ စကားပြောပါတယ်။ ရန်ကုန်ရွှေပြည်သာက သူ့အိမ်မှာ ကိုယ် ပိုင် အိမ်ဖုန်း မရှိတဲ့အတွက် လမ်း ထိပ်ကွမ်းယာဆိုင်က ဖုန်းနဲ့ အမေ က စကားပြောရတာ ဆိုတော့ လမ်းဘေးမှာ အမေက ဝမ်းသာ လွန်းလို့ ငိုသံပါကြီးနဲ့ အိုဗာစီး ပြောနေသလို သားကလဲ စင်ကာ ပူမှာ ဟန်းဖုန်း မဝယ်နိုင် သေးတဲ့ အတွက် ဘွန်လေးအမ်အာတီ မှာ ဘင်္ဂလား ကုလားတွေ တန်းစီ စောင့်ပြီး ဆက်နေတဲ့ လမ်းဘေး ဖုန်း နဲ့ ယောကျ်ားတန်မဲ့ ငိုကြီး ချက်မနဲ့ ဖုန်းပြော နေတာပေါ့။ အမေ လည်း ငို၊ သားလည်း ငိုပေါ့ဗျာ။

ကျွန်တော်လည်း သူငယ်ချင်း ပြောပြတဲ့ သူ့မွေးနေ့ပွဲလေးကို ကြားပြီး ပီတိဖြစ်လွန်းလို့ ကျွန်တော့် မွေးနေ့ရောက်ရင်လဲ အမေ့ကို အဲဒီနည်းနဲ့ ဂုဏ်ပြုရင်း အမေနဲ့ သား နှစ်ယောက်တည်း နှစ်ကိုယ်ကြား မွေးနေ့ပွဲလုပ်ဖို့ စိတ်ကူးထားပါတယ်။။ ကျွန်တော့်မွေးနေ့ရောက်ဖို့က လ တော်တော် လိုပါ သေးတယ်။

အခု ရောက်လာတာက တကယ့် မဟာ့ မဟာ မွေးနေ့ပွဲကြီးပါ။ ကျွန်တော်တို့ လူသားတွေရဲ့ အရေးမပါတဲ့ မွေးနေ့ပွဲတွေနဲ့ အချိန်ကုန်နေမဲ့ အစား ခရစ္စမတ် လို့ခေါ်တဲ့ ကယ်တင်ရှင်ရဲ့ မွေးနေ့မှာ မဆိုင်တဲ့သူတွေနဲ့ မွေးနေ့ပွဲကို ကျင်းပတာထက် မွေးနေ့ရှင် သခင်ယေရှု ခရစ်တော်ကို သာ တော့တော့ ဆိုင်ဆိုင် တွေ့ဆုံ မိတ်သဟာယဖွဲ့ပြီး နှစ်ကိုယ်ကြား အဓိပ္ပါယ် ရှိတဲ့ မွေးနေ့ကို ကျင်းပမယ်ဆိုရင် မိတ်ဆွေရဲ့ဘဝမှာ ထူးခြားတဲ့ အတွေ့အကြုံ ကို ခံစားရမှာ သေချာပါတယ်။ ခရစ္စမတ်ရဲ့ မွေးနေ့ရှင် ထာဝရ ဘုရားသခင်ရဲ့ သားတော် သခင်ယေရှုက ....

**ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက်လျှက်နေ၏ အကြင်သူသည် ငါ၏ အသံကို ကြား၍ တံခါးကို ဖွင့်အံ့၊ ထိုသူ့ရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်၊ သူသည်လဲ ငါနှင့်အတူ စားသောက်ရလိမ့်မည်။ ဗျာဒိတ်၃း၂၀ ။** လို့ ဖိတ်ခေါ် နေပါတယ်။

ဒီနှစ် ခရစ္စမတ်မှာ မွေးနေ့ရှင် အစစ် ဖြစ်တဲ့ ယေရှုခရစ်တော်နဲ့ မိတ်ဆွေ တွေ့ဆုံပြီး အနှစ်သာရ ရှိတဲ့ မွေးနေ့ပွဲကို ကျင်းပ နိုင်ပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်။ ။

**မင်းအောင်သက်လွင်**

---

## သီအိုရီမှားတဲ့ည

မီးရောင်စုံ မထွန်းတောက် ၊ ဘီယာ မသောက်
မြူနှင်း မခ ၊ ဒစ္စကို မက
ဘာဘီကျူ မစား ၊ ဟော်တယ်မှာ မနား
ခရစ္စမတ်သစ်ပင် မပါ ၊ ဆန်တာကလော့စ် မလာ
လက်ဆောင် ပစ္စည်း မလဲ ၊ ယမကာ မမှီဝဲ
ကယ်ရယ်စင်းဂင်း မဆို ၊ မီးပုံပွဲ မဖို
အဖော်များနဲ့ ၊ အပျော်အပါးမှ မလုပ်ရရင်
ခရစ္စမတ်ဟာ အရသာ မရှိဘူးလို့ လူတစ်ချို့က ပြောတယ်။

ကောင်းကင်တမန် မရှိ ၊ သိုးထိန်း မသိ
တရားဒေသနာ မနာ ၊ ဓမ္မတေးသံ မသာ
ကယ်တင်ရှင် သာ မဆင်းကြွလာခဲ့ရင်
ခရစ္စမတ်ဟာ အရသာ မရှိဘူးလို့ လူတစ်ချို့က ပြောတယ်။

အဲဒီလို လူနှစ်စု ရဲ့ သီအိုရီ နှစ်ခုကို ဘယ်ဟာ မှားနေသလဲဆိုတာ
အရပ်ကတို့ရေ –
မှားတဲ့ သူတွေ ကြားအောင် ပြောပြလိုက်ကြစမ်းပါ။ ။

**( သားတော်မောင် အလီမ္မာ )**

---

## တကယ့်ခရစ်စမတ်

ဒီဇင်ဘာ လ မြတ်မှာ ၊ ခရစ်စမတ် ရောက်လို့လာ
သိုးထိန်းတွေက ရွှင်ပျော်မြူး ၊ ဆက်သ လက်ဆောင် ထူး
ကုလားအုတ်ကြီး စီးလို့လာ ၊ အရှေ့ရပ်က ပညာရှိပါ
ရွှင်ပြုံး ပီတိ ဂွမ်းဆီ ထိ ၊ ယောသပ် နဲ့ မာရိ
ဘဝင်္ဂည်ံအောင် မြူးကြွပေ ၊ ကောင်းကင်တမန် ကျူးနေ
နွားတင်းကုတ်ထက်မှာ ကြယ်ရောင်လက် ၊
ဟေရုဒ်မင်းကြီး အမျက်ထွက်
အပြစ်သားကို ကယ်တင်ရန် ၊ ဘုရားမြတ် လူ့ဇာတိ ခံ
မေတ္တာရောင်ခြည် လွှမ်းခြုံပတ် ၊ အဲဒါ တကယ့် ခရစ်စမတ် ။

**မင်းအောင်သက်လွင်**

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

မည်သူ မဆို စာမူများ ရေးသား ပေးပို့ နိုင်ပါသည်
( နိုင်ငံရေး ၊ လူမျိုးရေး ၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin**
**Blk 76A , #30-02, Red Hill Road , S'pore 151076**
**E-mail ; min_atl@yahoo.com.sg ,**
Ph; ( 65 ) 81222320